ဓမ္မလင်းစာစဉ်

# ဝိပဿနာအခြေခံသင်တန်း



ဒေါက်တာစိုးလွင် (မန္တလေး)

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ

ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတို့အား

ဤမေ့မွစာစုဖြင့် ရှိသေစွာ ကန်တော့ပါ၏။

# “ဝိပဿနာ အခြေခံသင်တန်း’

ဒေါက်တာစိုးလွင် (မန္တလေး)

## မာတိကာ

- သတိနှင့်နယ်သုံးနယ် ၃

- မနောဒွါရနှင့်ဓမ္မာရုံ ၁၈

- အတ္တနှင့်အနတ္တ ၃၅

- ဖြစ်ကြောင်းနှင့်ချုပ်ကြောင်း ၇၁

- ဝဋ်(၃)ပါး ၇၃

- အနုသယ ခေါ် အကိန်းခံတတ် ၉၄

# “နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ”

ကျွန်တော်တို့ ဝိပဿနာတရား အားထုတ်ကြတယ်၊ တရားအားထုတ်တဲ့ ရည်ရွယ်ချက်ကဘာလဲဆိုရင် သစ္စာသိဘို့၊ သစ္စာလေးပါးကိုသိဘို့ဆိုတာမှန်ပါတယ်၊ မြတ်စွာဘုရားရှင်တို့ရဲ့ အဆုံးအမ သာသနာတော်ဟာ ဘာလဲဆိုရင် (၃)ခုရှိပါတယ်။ မကောင်း မှုရှောင်၊ ကောင်းမှုဆောင် ဖြူအောင် စိတ်ကိုထားဆိုတဲ့ ဒီ(၃)ခုပါ၊ လက်တွေ့မှာ ဒီအတိုင်းကျင့်သုံးသွားရင် လွယ်လွယ်ကူကူနဲ့ သိမြင်နိုင်ပါတယ်။

## “မကောင်းမှုရှောင် ကောင်းမှုဆောင်”

မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထားဆိုတဲ့ ဒီ(၃)ခုမှာ မကောင်းမှု ရှောင်ဆို တာ ငါးပါးသီလကိုစောင့်တာ၊ ငါးပါးသီလဆိုတာက သူများအသက်ကို မသတ်နဲ့၊ သူများဥစ္စာမခိုးနဲ့၊ သူများသားမယား မစော်ကားနဲ့၊ လိမ်လည်မပြောနဲ့၊ မူးယစ်စေတဲ့ အရက်သေစာတွေ မသောက်စားနဲ့၊ ဒါမကောင်းမှု ရှောင်တာ၊ ကောင်းမှုဆောင်ဆိုတာ

ရှောင်ရမဲ့ငါးခုကို ပြောင်းပြန်လုပ်တာပဲ၊ သူများ အသက်ကို ရှည်အောင် စောင့်ရှောက်ရမယ်၊ သူများကို ပေးရ ကမ်းရမယ် စွန့်ကြဲရမယ်။ သူများ သားမယား မစော်ကားနဲ့ဆိုရင် မောင်လို နှမလို အမေလို အဒေါ်လို စောင့်ရှောက်ကြရမယ်။ မုသာဝါဒ မပြောနဲ့ဆိုရင် လည်း မှန်မှန်ကန်ကန် ပြောရမယ်။ မူးယစ်စေတတ် တာတွေ သုံးရင်သတိမေ့တယ်၊ ဒီတော့ သတိ ကောင်းအောင် သတိပဋ္ဌာန်တရားတွေ အားထုတ် ရမယ်၊ ဒါဆို ကျွန်တော်တို့ ကောင်းမှုဆောင်သွား နိုင်ပါပြီ။ မကောင်းမှုရှောင်ဆိုတာ ငါးပါးသီလကို စောင့်ထိန်းရမယ်၊ အဲဒါကို ဝါရိတ္တသီလလို့ခေါ်တယ်၊ ရှောင်တာကို သီလလို့သိတယ်၊ ဆောင်တာကို သီလလို့မသိဘူး၊ ကောင်းမှုဆောင်တာလည်းသီလ၊ အဲဒါကို စာရိတ္တသီလလို့ ခေါ်တယ်။

## **"စိတ်ကိုဖြူအောင်ထား"**

ဖြူအောင်စိတ်ထားဆိုတာကို မေးရင် ပြောရ တော်တော်ခက်တယ်။ မကောင်းမှုကိုရှောင်တယ်ဆို တာက ဘာနဲ့ရှောင်မှာတုံး၊ သတိရှိမှ ရှောင်လို့ရတယ်၊ သတိမရှိရင် ရှောင်လို့မရဘူး၊ မကောင်းမှုရှောင် တာလဲ သတိကရှောင်သလို ကောင်းမှုဆောင်တာလဲ

သတိကဆောင်မယ်၊ သတိလဲမရှိရော၊ ကုသိုလ်ကောင်းမှုလုပ်ရမှာကို မေ့နေတယ်၊ ဒါကြောင့် ကောင်းမှုဆောင်တာလဲ သတိရှိမှဆောင်တာ၊ အခုတော့ ကောင်းမှုကိုဆောင်တာလဲသတိ၊ မကောင်းမှုကို ရှောင်တာလဲ သတိပါပဲ။

## "သတိဆိုတာဘာလဲ"

သတိဆိုတာအာရုံကို အောက်မေ့ခြင်းတဲ့၊ အာရုံတစ်ခုကို အောက်မေ့ခြင်းလက္ခဏာရှိတယ်၊ ဥပမာ- ကားလမ်းကူးမယ်၊ လမ်းကူးရင် ဟိုဘက်ဒီဘက်ကိုကြည့်တယ်၊ ကြည့်တယ်ဆိုတာ ဟိုဘက်အာရုံ ဒီဘက်အာရုံကို အောက်မေ့ တာပဲ။ လမ်းကူးတာ ဟိုဘက်ဒီဘက်တော့ လူတိုင်းကြည့်ပြီး ကူးသွားတာပဲ၊ ဒါပေမဲ့ ဟိုဘက် ဒီဘက်ကြည့်လိုက်တာကို သတိလို့ ကျွန်တော်တို့မသိဘူး။ အမှန်က ဟိုဘက်ဒီဘက်ကို ကျွန်တော်တို့ ကြည့်တယ်၊ သတိတော့ရှိတယ်နော်၊ ဒါပေမဲ့ သတိလို့တော့မသိဘူး။

သတိနဲ့အားထုတ်တာကို သတိမှန်းမသိဘူး၊ ဘာကြောင့်လဲ မောဟရှိလို့၊ ဒီတော့သတိဆိုတာ ဘာလဲ အာရုံတစ်ခုကို အောက်မေ့ခြင်း၊ ဟိုဘက်အာရုံ ဒီဘက်အာရုံတွေကို သတိကအောက်မေ့တာ၊

ဒါကြောင့် ကျွန်တော်တို့က ချော်လဲမယ် သတိထားလို့ ပြောလိုက်လို့ရှိရင် ချော်လဲမဲ့ ရေညှိအာရုံတွေကို အောက်မေ့တယ်၊ ချော်လဲမဲ့အာရုံကို လှမ်းအောက်မေ့လိုက်တာ၊ အဲဒါသတိဖြစ်သွားတာပဲ၊ ဒါပေမဲ့ ကျွန်တော်တို့က ကိုယ့်မှာ သတိဖြစ်သွားပါလားလို့ နောက်ကနေဉာဏ်နဲ့ မသိလိုက်ဘူး။

ကိုယ့်မှာသတိဖြစ်ပေမဲ့ သတိကို ခန္ဓာဉာဏ်ရောက်မသိဘူး၊ နောက်ကသိတဲ့ဉာဏ်မဖြစ်ဘူး။ ဒီတော့ ချော်လဲမယ် သတိထားဆိုတာ ချော်လဲမဲ့ အာရုံကို အောက်မေ့လိုက်တာက သတိ၊ သတိဖြစ်သွားပါလားလို့ နောက်က ဉာဏ်တစ်ခုကို မတည်ထောင်တတ်သေးဘူး။ ခန္ဓာဉာဏ်ရောက် မဖြစ်သေးဘူး။ မိုးကုတ်ဆရာတော်ကြီးက ခန္ဓာဉာဏ်ရောက် ဖြစ်ဘို့ အမြဲတိုက် တွန်းခဲ့တယ်။

## "သတိရဲ့စောင့်ရှောက်တဲ့ကိစ္စ"

သတိဆိုတာ အာရုံတစ်ခုကို အောက်မေ့လိုက်လို့ရှိရင် သတိဖြစ်သွားတယ်၊ နောက်အဲဒီသတိက ဘာလုပ်လဲ၊ စောင့်ရှောက်တဲ့ကိစ္စလုပ်တယ်၊ ဟုတ်ပြီ၊ ကျွန်တော်တို့ကလမ်းကူးတယ်၊ သတိက ကျွန်တော်တို့ကို ကားမတိုက်အောင် စောင့်ရှောက်တယ်။

ဒါကြောင့် လမ်းကူးတဲ့အခါ အန္တရာယ်မဖြစ်အောင် ဘာကစောင့်ရှောက်လဲ၊ သတိကပါ။ ဒါပေမဲ့ ကျွန်တော်က အသက်ကြီးတဲ့လူကြီးတွေကို မေးကြည့်တယ်၊ အသက်လဲကြီးပြီ အဖော်မပါဘူးလား၊ "ကျွန်တော်တို့က အဖော်မရှိဘူး၊ ကိုယ့်ကို ကိုယ်ပဲ စောင့်ရှောက်ရတာပါ" သူတို့က ဒီလိုပြောတယ်၊ အမှန်တော့ ငါ့ကိုယ် ငါဘဲစောင့်ရှောက်ရတယ်ဆိုတဲ့ သဘောပါပဲ။ ငါ့ကိုယ် ငါကစောင့်ရှောက်လို့မရဘူး၊ သတိက စောင့်ရှောက်တာ၊ ငါရှိပေမဲ့ သတိမရှိရင် မစောင့်ရှောက်နိုင်ဘူး။ ဒါပေမဲ့ ငါ့ကိုယ်ကိုစောင့်ရှောက်တာ သတိလို့တော့မသိကြဘူး။

## "သတိကို ငါလုပ်နေတယ်"

ငါ့ကိုယ် ငါပဲစောင့်ရှောက်ရတယ်ပေါ့၊ သတိကို ငါလုပ်နေတာ၊ ငါ့ကို ငါကစောင့်ရှောက်တာလား၊ သတိက စောင့်ရှောက်တာလား၊ သတိကစောင့်ရှောက်တာ၊ ချော်မလဲအောင် ဘယ်သူကစောင့်ရှောက်တာလဲ သတိကစောင့်ရှောက်တာ၊ ဒါပေမဲ့ ကျွန်တော်တို့က သတိကို ဒိဋ္ဌိကပ်သွားတော့ ငါဖြစ်သွားတယ်။ ကျွန်တော်တို့က သတိကို ဒိဋ္ဌိကပ်နေတာ မသိဘူး၊ သတိကို ပိုင်းခြားမသိတဲ့အတွက် ငါဖြစ်နေ

တာ၊ သတိနောက်က ဉာဏ်မလိုက်တတ်ဘူး၊ ဒီတော့ လမ်းဟိုဘက်ဒီဘက်ကူးတာကိုက ငါကူးတာ မဟုတ်တော့ဘူး၊ သတိကကူးတာ။ ချော်မလဲအောင် စောင့်ရှောက်တာလဲ သတိကဘဲစောင့်ရှောက်တာပါ။

## "သတိရှိရင်ကုသိုလ်ရတယ်"

နောက်တစ်ဆင့်က သတိရှိရင်ကုသိုလ်ရတယ်၊ ဥပမာ ဥပုသ်စောင့်တယ်။ ကျွန်တော်တို့က ဥပုသ်ကို တခါတလေမှစောင့်တော့ သီချင်းဝါသနာပါသူက သီချင်းသံလဲကြားရော လိုက်ဆိုမိတယ်၊ ပြီးတော့မှ ငါဥပုသ်စောင့်ထားတာကို သတိရတယ်၊ ဥပုသ်ကျိုးသွားပြီ၊ ဘာကြောင့်လဲ ခုနတုံးက သတိမေ့နေတယ်၊ ဥပုသ်စောင့်တာ ကိုယ်ကစောင့်လို့မရဘူး၊ သတိကစောင့်တာ၊ သတိမေ့တာနဲ့ ဥပုသ်ကျိုးပြီ။

ညနေကျတော့လဲ ဗိုက်ဆာပြီ၊ ဥပုသ်စောင့်ထားတာမေ့နေတယ်၊ မုန့်တွေတော့စားလိုက်တယ်၊ အဲဒီကျမှ ဥပုသ်စောင့်ထားပါလားလို့ သတိရတယ်၊ ဥပုသ်စောင့်တဲ့ အာရုံကို သတိက အောက်မေ့လိုက်တယ်။ သတိရှိတဲ့အချိန်ကျတော့ ဥပုသ်ကျိုးသွားပြီ၊ ခုနတုံးကတော့ သတိမရှိဘူး၊ ဒီတော့ ဥပုသ်ဘယ်သူစောင့်တာလဲ၊ သတိကစောင့်တာ၊ ဒါပေမဲ့

ကျွန်တော်တို့က ဥပုသ်ကိုငါစောင့်တယ်၊ ငါကုသိုလ်ရတယ် ဒီလိုပဲထင်ခဲ့တယ်။

## "စိတ်ပုတီးကိုသတိကစိပ်တယ်"

ကဲ. . ပုတီးစိပ်ကြဦးစို့၊ အရဟံ အရဟံ၊ အရဟံဆိုတာကအာရုံ၊ အဲဒီအရဟံ အာရုံကို အောက်မေ့လိုက်တာနဲ့ သတိရှိသွားပြီ၊ အဲဒီသတိရှိတာကို သတိလို့မသိဘူး ဖြစ်နေတယ်။ အရဟံဆိုတာ ငါဂုဏ်တော်ရွတ်နေတာ အဲဒီလိုသိတာ၊ ဒီတော့ သတိဆိုတာ ကုသိုလ်အာရုံကိုအောက်မေ့ခြင်း၊ အကုသိုလ်မဖြစ်အောင်လည်း စောင့်ရှောက်တယ်၊ ဒါကြောင့် သတိရှိရင်ကုသိုလ်ရတယ်၊ ဒီနေ့မှာ ဒီသတိကို အပိုင်ရသွားအောင် သိသွားစေချင်တယ်။

အရဟံဆိုတဲ့အာရုံကို အောက်မေ့တာနဲ့သတိရှိသွားပြီ၊ အကုသိုလ်စိတ်တွေမဖြစ်အောင် သတိက စောင့်ရှောက်တဲ့အတွက် ကုသိုလ်ရတယ်၊ ဒီတော့ ပုတီးစိပ်တာ ငါစိပ်တာလား သတိကစိပ်တာလား၊ သတိကစိပ်တာ၊ ဒါဆိုရင် ငါပြုတ်နေပြီ၊ ဆင်ခြင်တတ်ရင် ငါပြုတ်နေပြီ၊ ကျွန်တော်တို့က သတိကိုငါလုပ်နေတော့ ဒိဋ္ဌိကပ်နေတာ၊ ဒိဋ္ဌိက သတိအလုပ်လုပ်တာကို ငါထင်နေတာ၊ ဒီတော့ ပုတီးစိပ်တယ်ဆိုတာ

ကုသိုလ်ရတယ်၊ ဘာလို့လဲဆိုတော့ သတိရှိလို့ပါ။

## "ကုသိုလ်က အကုသိုလ်ကိုပယ်တယ်"

မိလိန္ဒပညာမှာ အရှင်နာဂသေနနဲ့ မိလိန္ဒမင်းကြီးတို့ အမေးအဖြေလုပ်ကြတယ်၊ မိလိန္ဒမင်းကြီး က အရှင်နာဂသေနကိုမေးတယ်၊ ကုသိုလ်သိုလ် ကိုရှင်းပြပါ။ ရှင်နာဂသေနက ရဟန္တာ၊ အရှင်နာ ဂသေနက ဘာပြောလိုက်လဲဆိုတော့ အကုသိုလ် ဟာ ကျောက်ခဲနဲ့တူတယ်၊ ဘယ်လောက်သေးသေး ရေမှာနစ်မယ်၊ အကုသိုလ်ဘယ်လောက် သေးသေး အကျိုးပေးမှာပဲ၊ ဒါပေမဲ့ ကုသိုလ်ဆိုတဲ့ လှေနဲ့ခံလိုက်ရင် အဲဒီကျောက်ခဲ ရေမှာမနစ်တော့ဘူး၊ အဲဒီအကု သိုလ် အကျိုးမပေးတော့ဘူး၊ ကုသိုလ်နဲ့ အကုသိုလ်ကို ပယ်လိုက်တာ၊ ယတြာချေတယ်ဆိုတာလဲ မကောင်းတဲ့အကုသိုလ်ကို ကုသိုလ်နဲ့ပယ်တာပါပဲ၊ ကုသိုလ်လုပ်ရင် အကုသိုလ်တွေကို ပယ်နိုင်တယ်။

## "တရားကိုသတိကအားထုတ်တယ်"

တရားအားထုတ်ရင် ဝင်လေထွက်လေအာရုံကို အောက်မေ့လိုက်တာနဲ့ သတိရှိသွားပြီ၊ အဲဒီသတိက ဝင်လေထွက်လေအာရုံကို အောက်မေ့တဲ့အတွက် ဒီပြင်အကုသိုလ်စိတ်တွေ မဖြစ်တော့ဘူး၊ ပျံ့လွင့်တဲ့

စိတ်တွေ မဖြစ်တော့ဘူး၊ ဘယ်သူကစောင့်ရှောက် သလဲ သတိကစောင့်ရှောက်တယ်၊ တရားအား ထုတ်လို့ ကုသိုလ်ရတာဘာကြောင့်လဲ သတိရှိလို့၊ ဒီတော့ တရားအားထုတ်တာ ငါအားထုတ်တာလား၊ သတိကအားထုတ်တာလား၊ သတိကအားထုတ်တာ၊ အများစုက တရားအားထုတ်တာ ငါအားထုတ်တာ ဖြစ်နေတယ်၊ ဝင်လေထွက်လေကိုမှတ်တာ ငါမှတ် တာ၊ ပိန်တယ်ဖောင်းတယ်ကို မှတ်တာ ငါမှတ်တာ၊ ဖြစ်ပျက်တွေကို ငါမြင်တာ၊ ဒီငါကမလွတ်ဘူး ဖြစ်နေတယ်၊ သတိတစ်လုံးကို အစားမထိုးနိုင်ဘူး ဖြစ်နေတယ်၊ သတိကိုသတိမှန်းကို သတိမပြုမိ သေးဘူး။ (အရှိကိုအရှိအတိုင်းသိတဲ့ ယထာဘူတ ဉာဏ် မရှိဘူးဖြစ်နေတယ်။)

## "သတိဖြင့်အလှပြင်ပါ"

ကျွန်တော်က လက်တွေ့ကျအောင် ဘယ်လို ပြောလဲဆိုတော့ အမျိုးသမီးတွေက တရားပိုရသင့် တယ်လို့ ဒီလိုပြောလိုက်တယ်။ အမျိုးသမီးတွေ ဆိုတော့ မနက်အိပ်ယာထရင် မှန်အမြဲကြည့်တယ်။ မင်္ဂလာဆောင်သွားမယ် မှန်ကြည့်ရတယ်၊ ဖီးလိမ်း ပြင်တာဆင်ရင် မှန်ကြည့်တာက လောဘနဲ့ကြည့်

ကြတာ၊ သူတို့လှအောင်၊ ငါတို့က အရွယ်တင်သေးတယ်၊ ဒီအဝတ်အစားလေးနဲ့လိုက်တယ်၊ အဲဒါ လောဘနဲ့လှချင်တာ။

သတိနဲ့ အလှပြင်လဲရပါတယ်။ သတိက မိမိကိုယ့်ကိုမတင့်တယ်တာတွေကို တင့်တယ်အောင် စောင့်ရှောက်တယ်၊ လောဘနေရာမှာ သတိထည့်လို့ရတယ်၊ ကျွန်တော်တို့က ဒီလိုတွေ နားမလည်ခဲ့ဘူး၊ မင်္ဂလာဆောင်သွားမယ်ဆို မင်္ဂလာဆောင်နဲ့ သင့်တော်တာကို ဝတ်ရမယ်၊ ဘုန်းကြီးကျောင်းသွားမယ်၊ ရိပ်သာသွားမယ်ဆို အဝတ်အစားကို တင့်တယ်အောင် သတိနဲ့ဝတ်ရမယ်။ သတိကစောင့်ရှောက်တာလေ၊ တချို့က သတိမရှိတော့ လောဘနဲ့လှချင်တော့ ဘုန်းကြီးကျောင်းသွားလဲ အဝတ်အစားတွေနဲ့ အလှအပတွေ တအားလုပ်တာပဲ၊ မတင့်တယ်ဘူး၊ လှချင်တာက လောဘ၊ အခုတော့ ဘုန်းကြီးကျောင်းသွားမယ်၊ ဒါမသင့်တော်ဘူး၊ ဒါဝတ်မယ်ဆို ဘာရှိသွားပြီလဲ၊ သတိရှိသွားပြီ၊ မတင့်တယ်တာကို တင့်တယ်အောင် ဘယ်သူစောင့်ရှောက်လဲ၊ သတိက စောင့်ရှောက်တာ၊ ဒီတော့ အလှပြင်တာ အင်္ကျီဝတ်တာတောင်မှ သတိက စောင့်ရှောက်တာ၊ သတိရှိ

တော့သူများ အကဲ့ရဲ့မခံရတော့ဘူး။

## "သတိနဲ့ငါအရင်ခွါ"

မကောင်းမှုရှောင်တာလဲ သတိ၊ ကောင်းမှုဆောင်တာလဲ သတိပဲ၊ ဒီလိုလဲသိသွားရော၊ ငါမပါပဲနဲ့သိသွားတဲ့စိတ်သတိဟာ ဘာဖြစ်သွားလဲ၊ ဖြူသွားပြီ၊ စိတ်ကိုဖြူအောင်ထားဆိုတာ ဒိဋ္ဌိကိလေသာပြုတ်သွားတာပဲ၊ ကိုယ့်ရဲ့နေ့စဉ်ဘဝထဲမှာ ဒီသတိဟာ လမ်းကူးလဲသတိရှိတယ်၊ ဒါပေမဲ့ ငါနဲ့သတိမကွဲဘူး၊ ကျွန်တော့်ကို တခါတခါလာမေးတယ်၊ ဝေဒနာနဲ့ငါဘယ်လိုခွဲရမှာလဲ၊ ခဏလေးစောင့်ပါ၊ သတိနဲ့ငါကို အရင်ခွါကြည့်ပါ၊ သတိဆိုတာ နေရာတကာမှာ ရှိနေတယ်။ ဒိဋ္ဌိကိုခွါရတဲ့အခါ ဒီသတိနဲ့ငါနဲ့ခွါရတာ ပိုပြီးတော့ ထင်သာမြင်သာရှိပါတယ်။

ဒီတော့ ကျွန်တော်တို့ကို လူကြီးတွေ ဆုံးမဘူးတယ်၊ မင်းတို့ သွားသတိ၊ လာသတိ၊ စားသတိကွာတဲ့၊ အဲဒါ သမုတိနယ်မှာ သူသိငါသိ သတိတော့ရှိတယ်၊ ပုဂ္ဂိုလ်သတ္တဝါအနေနဲ့သိတာ၊ ကျွန်တော်တို့က အစားအသောက်တွေ စားတယ်၊ ကိုယ့်မှာ သွေးတိုးတွေ ဆီးချိုတွေရှိရင် ငါအဆီတွေ မစားဘူးရှောင်မယ်၊ ငါအချိုတွေမစားဘူး ရှောင်မယ်ဆိုတာ

ဘယ်သူကစောင့်ရှောက်တာလဲ သတိကစောင့်ရှောက်တာ၊ ဒါပေမဲ့ သတိက စောင့်ရှောက်တယ်လို့ မသိဘူး၊ ငါရှောင်တာလုပ်နေတယ်၊ နှလုံးသွင်းပုံ သွင်းနည်းက အခက်ကြီးမဟုတ်ဘူး၊ သတိလိုတယ်၊ အဲဒီသတိကိုပဲ ငါမဟုတ်ကြောင်း သိဘို့လိုတယ်။

## "သတိကစောင့်ရှောက်တယ်"

ဒီတော့ လူကြီးတွေကဆုံးမတယ် သွားသတိ၊ လာသတိကွာတဲ့၊ မြတ်စွာဘုရားက ဘယ်လိုဆုံးမလဲဆိုတော့၊ မြင်ရင်မြင်တဲ့အပေါ်မှာ လောဘ၊ ဒေါသ၊ မောဟမဖြစ်အောင်သတိနဲ့နေပါတဲ့၊ သတိက စောင့်ရှောက်တယ်၊ သတိက မြင်တဲ့အပေါ်မှာ လောဘ၊ ဒေါသ၊ မောဟ မဖြစ်အောင် ဘယ်သူက စောင့်ရှောက်မှာလဲ ငါကစောင့်ရှောက်လို့မရဘူး၊ သတိကစောင့်ရှောက်မှာ၊ ကြားတဲ့အပေါ်မှာလဲ၊ လောဘ၊ ဒေါသ၊ မောဟမဖြစ်အောင် အဲဒီအတိုင်းပဲ နံတယ် စားတယ်၊ ထိတယ် တွေးတဲ့အပေါ်မှာ လောဘ၊ ဒေါသ၊ မောဟ မဖြစ်အောင် သတိက စောင့်ရှောက်မှာပါ။

မြတ်စွာဘုရားရဲ့အဆုံးအမအတိုင်း မြင်တဲ့အပေါ်မှာ နောက်ကနေသတိလိုက်ပါ။ နံတဲ့ စားတဲ့ ထိတဲ့ အပေါ်မှာ သတိလိုက်ပါ။ ဒါ မိုးကုတ်ဆရာ

တော်ဘုရားကြီးရဲ့ စကားလုံးနဲ့ပြောမယ်ဆိုရင် မြင်တာကရှေ့စိတ် သတိထားတာက နောက်စိတ်၊ ရှေ့စိတ် နောက်စိတ်ဟုတ်လား၊ အတူတူဘဲ၊ ဒီလိုသတိနဲ့ ဆင်ခြင်တော့ နားလည်သွားတယ် နောက်စိတ်မှာ သတိလိုက်တတ်သွားတယ်။

## "မူလနှစ်ဖြာ အဝိဇ္ဇာနဲ့တဏှာ"

ကျွန်တော်တို့ အရင်တုံးက သတိနောက်က ဘာလိုက်လဲ၊ ငါလိုက်တာဘဲ၊ အဝိဇ္ဇာနဲ့တဏှာ၊ မူလနှစ်ဖြာက နောက်ကနေလိုက်သွားတာပဲ၊ မြင်စိတ်ဖြစ်လဲ မူလနှစ်ဖြာနောက်ကလိုက်သွားတော့၊ ငါမြင်တာဖြစ်သွားတယ်၊ ကျွန်တော်တို့ အခုမဟုတ်တော့ဘူး၊ သတိရှိ သွားတဲ့အခါကျတော့၊ ဘာမဆိုသတိက လိုက်စောင့်ရှောက်နေတာပါပဲ။

## "အသိနဲ့ဒိဋ္ဌိကိုအရင်ဖြုတ်ပါ"

ဆရာတော်ကြီးက ဒိဋ္ဌိကို အသိနဲ့ဖြုတ်ဆိုတာ ကျွန်တော်တို့ သဘောပေါက်လာပြီ၊ ခန္ဓာဉာဏ်ရောက်၊ ဒီလိုမြင်အောင်ကြည့်ရမယ်၊ ဒါက ဒိဋ္ဌိကို အသိနဲ့အရင်ဖြုတ်ပါ၊ ခန္ဓာဉာဏ်ရောက်ကြည့်ပါ၊ သူများ ပါးစပ်ဖျားမှာ လမ်းမဆုံးစေနဲ့ ဆရာတော်ကြီးဟောကြားတာတွေကိုပြန်ပြီးတော့ မျှဝေခြင်း ဖြစ်ပါတယ်။

# "အာရုံဆိုတာဘာလဲ"

နောက်တစ်ခုသွားကြစို့၊ အခုသတိဆိုတာ အာရုံတစ်ခုကိုအောက်မေ့ခြင်း၊ အာရုံအကြောင်းကို နဲနဲပြောချင်ပါတယ်၊ ဝိပဿနာဆိုတာ အာရုံတွေကိုရှုရတာ၊ အခုစတင်ပြီးတော့ အာရုံကိုမိတ်ဆက်ပေးပါ့မယ်။ အာရုံဆိုတာဘာလဲ၊ စိတ်စေတသိက်တို့၏ကျက်စားရာဖြစ်တယ်၊ ဒါကစာလို ပြောလိုက်တာ၊ စာပေကစပြီးတော့ နားလည်အောင် ပြောပါ့မယ်၊

(၁)မျက်စိနဲ့ဆက်ဆံတဲ့အာရုံက ရူပါရုံ အဆင်းလို့ခေါ်တယ်၊ (၂) နားနဲ့ဆက်ဆံတဲ့အာရုံက သဒ္ဒါရုံ (အသံ)ပါ၊ (၃) နှာခေါင်းနဲ့ ဆက်ဆံတဲ့ အာရုံက ဂန္ဓာရုံ (အနံ့)ပါ (၄) လျှာနဲ့ဆက်ဆံတဲ့အာရုံ ရသာရုံ (အရသာ)ပါ (၅) ကိုယ်နဲ့ဆက်ဆံတဲ့အာရုံက ဖောဋ္ဌဗ္ဗာရုံ (အထိ)ပါ၊ (၆) မနောနဲ့ဆက်ဆံတဲ့အာရုံ ဓမ္မာရုံဆိုတဲ့ (သဘောတရား)ပါ၊ အဲဒီ(၆)မျိုးထဲမှာ အပေါ်(၅)ခုကိုသိကြပါတယ်။ မျက်စိနဲ့အဆင်း၊ နားနဲ့အသံ၊ နှာခေါင်းနဲ့အနံ့၊ လျှာနဲ့အရသာ၊ ကိုယ်နဲ့အထိ၊ ဒီ(၅)မျိုးကိုသိပါတယ်၊ အောက်ဆုံးတစ်ခုက အသိနဲတယ်၊ မနောနဲ့ဆက်ဆံတဲ့ဓမ္မာရုံ၊ ကျွန်တော်တို့က ဓမ္မာရုံဆို တချို့မသိဘူး၊ ဒီလိုတရားဟောတဲ့ ဓမ္မာရုံကြီး

လောက်သိတာ၊ မဟုတ်ဘူး၊ မနောနဲ့ဆက်ဆံတဲ့ ဓမ္မာရုံဆိုတာရှိတယ်၊ ဝိပဿနာရှုတဲ့အခါမှာ မနောနဲ့ ဓမ္မာရုံဟာ အလွန်အရေးကြီးတယ်၊ အာရုံထဲမှာ ဓမ္မာရုံဟာ အလွန်အရေးကြီးတယ်။ ရူပါရုံ၊ သဒ္ဒါရုံကိုလည်း နားလည်တယ်။ အနံ့ဆိုတဲ့ ဂန္ဓာရုံ၊ အရသာဆိုတဲ့ ရသာရုံ၊ အထိဆိုတဲ့ ဖောဋ္ဌဗ္ဗာရုံ၊ ဒါတွေကို သိကြပါတယ်။

## "ဓမ္မာရုံဆိုသည်မှာ"

ဓမ္မာရုံဆိုတာ ဘာလဲဆိုရင် အတွေးအာရုံလို့ လွယ်အောင်ပြောမယ်၊ စာပေနဲ့ဆိုရင် ဓမ္မာရုံဆိုတာ သဘောတရား၊ လူတိုင်း နားလည်အောင်ပြောရင် အတွေးကို ဓမ္မာရုံလို့ ပြောတယ်၊ ဒီတော့ ဒီစာရွက်ထဲမှာလဲရေးထားပါတယ် ဖတ်ကြည့်ပါ။ ဓမ္မာရုံဆိုတာ ဘာလဲဆိုတော့ ကျွန်တော်တို့ မျက်စိမှိတ်လိုက်၊ ရန်ကုန်မှာရှိတဲ့ ရွှေတိဂုံစေတီတော်ကြီးကို အာရုံပြုကြည့် စိတ်မှာပေါ်လာလိမ့်မယ်၊ ပေါ်လာလို့ရှိရင် ရွှေတိဂုံစေတီတော်ကြီးက ဓမ္မာရုံ၊ ပေါ်လာတဲ့အာရုံကို ဓမ္မာရုံလို့ခေါ်တယ်။ တွေးလို့ရှိရင် အတွေးအာရုံကိုသိတာက မနော၊ ဓမ္မာရုံမှာပုံရိပ်တွေပေါ်တယ်၊ အဲဒါတွေက ဓမ္မာရုံ အတွေးတွေ၊ အဲဒါကိုသိတာက

မနော၊ ဒီမနောနဲ့ဓမ္မာရုံက အသိနဲပေမဲ့ တရားအား ထုတ်တဲ့အခါမှာ မနောနဲ့ဓမ္မာရုံကို နားလည်ရင် အများကြီး အကျိုးများပါတယ်။

## "မနောဒွါရနဲ့ဓမ္မာရုံ"

မနောဒွါရနဲ့ဓမ္မာရုံဆိုပြီး ပုံစံလေးပြထားတယ်၊ မျက်စိနဲ့တိုက်တဲ့ အဆင်းဆိုတာက အပြင်မှာ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမအနေနဲ့ရှိတာ၊ အဲဒါတွေကအဆင်း၊ မျက်စိနဲ့တိုက်လို့ရှိရင် မျက်စိထဲမှာ ဘယ်ယောကျ်ား မိန်းမမှ ဝင်လို့မရဘူး၊ ဘာပဲဝင်လဲဆိုတော့ ပုံရိပ်ပဲဝင်လာတယ်။ ပုံရိပ်ဆိုတဲ့အဆင်း ဝင်လာတယ်။ အဲဒါကို အင်္ဂလိပ်လို image လို့ခေါ်တယ်၊ စာရွက်ထဲမှာ ဖတ်ရင်းနဲ့ရှင်းပြသွားမယ်။

မျက်စိသည် ပြင်ပသမုတိနယ်တွင်ရှိသော ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်ဝတ္ထုတို့နှင့်တိုက်ဆိုင်သောအခါ မျက်စိတွင် အဆင်းပုံရိပ်(image)ပေါ်ပါသည်။ ပုဂ္ဂိုလ်သတ္တဝါအနေဖြင့် မျက်စိထဲဝင်၍မရပါ။ မျက်စိတွင်ပုံရိပ်ပေါ်သည်နှင့်တပြိုင်နက် မနောဒွါရမှာလည်း ပေါ်ပါသည်။ ဒေသနာက ဘယ်လိုပြောလဲဆိုတော့၊ နေရောင်အောက်က သစ်ကိုင်းပေါ်မှာ ငှက်လာနားလိုက်တယ်။ ငှက်ရဲ့ပုံရိပ်က မြေပြင်ပေါ်တစ်ခါ

တည်းကျတယ်၊ ဒီလိုဘဲ၊ မျက်လုံးမှာ ပုံရိပ်ထင်လိုက်တာနဲ့ မနောမှာလည်းပုံရိပ်က တပြိုင်နက်ကျတယ်၊ ဒါနိယာမဘဲ၊ ဒေသနာမှာ ဒီဥပမာပေးထားပါတယ်။

ဒါကြောင့် မျက်လုံးမှာပုံရိပ်ပေါ်လိုက်တာနဲ့ တပြိုင်နက်၊ မနောမှာလည်း ပုံရိပ်ပေါ်သွားတယ်၊ ဒီတော့ မနောမှာပုံရိပ်ပေါ်ပေမဲ့ ထင်ထင်ရှားရှား မသိနိုင်သေးဘူး၊ ယင်းပုံရိပ်ကို ဓမ္မာရုံအဖြစ် မနောက ဆင်ခြင်ပြီး ပုံသဏ္ဍာန်၊ အမည်တို့ဖြင့် ပညတ်ပြုကာ၊ ထင်ထင်ရှားရှားသိရခြင်းဖြစ်သည်။ ထို့ကြောင့် မျက်စိကမြင်သော်လည်း မနောကမှ သိခြင်းဖြစ်ပါသည်။

ကျွန်တော်တို့ခေတ်မှာ ဥပမာပေးရတာ လွယ်တယ်၊ ရုပ်ရှင်ရိုက်တာနဲ့တူတယ်၊ အပြင်မှာလူရှိတယ်၊ မျက်လုံးက ကင်မရာနဲ့တူတယ်။ ကင်မရာကနေ မနောဆိုတဲ့ ဖလင်ပေါ်တင်လိုက်ပြီ၊ မျက်စိကကင်မရာ မှန်ဘီလူးနဲ့တူတယ်၊ ကင်မရာ မှန်ဘီလူးကိုဖြတ်ပြီး မနောဆိုတဲ့ ဖလင်ပေါ်တင်မယ်၊ ဖလင်ပေါ်မှာ ပုံရိပ်က မြင်တော့မြင်ရတယ် ကောင်းကောင်း မထင်ရှားဘူး၊ ထင်ရှားအောင် ဓမ္မာရုံဆိုတဲ့ ပိတ်ကားပေါ်တင်မယ်၊ ပိတ်ကားမှာပေါ်တဲ့အခါကျမှ သေသေချာချာမြင်ရပြီး ပုံစံတွေ အမည်တွေနဲ့သိရတယ်။

အဲဒီလိုမြင်ရမှ မနောက ဒါကလူဘဲ၊ ခွေးပဲလို့ ပိုင်ပိုင်နိုင်နိုင် သိသွားတယ်။ ထင်ထင်ရှားရှား သိသွားတယ်။ ကျွန်တော်တို့ သိတယ်ဆိုလို့ရှိရင် ဒီလို သိခွင့်ရတာပါ၊ မျက်စိကမြင်တယ်ဆိုတာက မျက်စိမှာ ပုံရိပ်ကျတာ၊ ဘာမှမသိသေးဘူး၊ မနောကမှ ဘယ်သူပါလားလို့သိတာ၊ တစ်ခါတစ်လေ လူတစ်ယောက်ကိုတွေ့ရင် ပြန်းဆို မမှတ်မိဘူး၊ မမှတ်မိရင် ဘာလုပ်လဲ ဆင်ခြင်တယ်၊ ဆင်ခြင်တာဆိုတာ ဓမ္မာရုံမှာ ဒီလူနဲ့ဘယ်တုံးကတွေ့ဘူးလဲ၊ အဲဒီကျမှ အလှူမှာ တွေ့ဘူးတယ်ဆိုတာ ဓမ္မာရုံမှာပေါ်သွားတာ၊ ဓမ္မာရုံမှာ ဆင်ခြင်ရတယ်။ ကျွန်တော်တို့က အဲဒီကျမှ အော် ဘယ်သူပါလားလို့ မနောကသိသွားတာပါ၊ ဒီဖြစ်စဉ်ကို သဘောပေါက်ရမယ်။

## "မျက်စိကမြင်တယ် မနောကသိတယ်"

ဒါဆိုရင် မျက်စိကမြင်တယ်၊ ဘယ်ကသိလဲ၊ မနောကသိတယ်၊ မျက်စိကမြင်ပေမဲ့ မသိဘူးနော်၊ မနောကမှသိတာ၊ မျက်စိကဘာနဲ့တူလဲဆိုတော့ အာရုံကိုလက်ခံတဲ့ဌာနနဲ့တူတယ်၊ လျှောက်လွှာတွေကို ရုံးစာရေးကလိုက်ခံလိုက်တယ်၊ လက်ခံပြီး ဘာလုပ်ရတုံး၊ အရာရှိစားပွဲပေါ် သွားတင်ပေးရတယ်၊ အရာရှိက

အဲဒါကို လက်မှတ်ထိုးတယ်၊ ဒီအတိုင်းဘဲ မျက်စိက ဝင်လာတဲ့အာရုံကို လက်ခံလိုက်တယ်၊ ပြီးမှ မနောရဲ့စားပွဲဆိုတဲ့ ဓမ္မာရုံပေါ်ချပေးမှ မနောက ဆုံးဖြတ်ချက်ပေးလိုက်တယ်။ ဘယ်သူဘယ်ဝါလို့၊ မြင်တာကမျက်စိ သိသွားတာကမနော၊ ဒီတော့ မျက်စိက မြင်တယ်၊ မနောကသိတယ်၊ ကျွန်တော်တို့က မျက်စိနဲ့ သိတယ်ချည်းထင်နေကြတယ်။

ကျွန်တော်တို့က မျက်စိနဲ့မနောကို ခွဲခြားသိရမယ်၊ ကျွန်တော်တို့ ရုပ်ရှင်တွေကြည့်၊ တီဗွီတွေကြည့်ကြတယ်၊ တီဗွီဖန်သားပြင်ပေါ်မှာ ယောကျာ်း၊ မိန်းမ တကယ်ရှိသလား၊ မရှိဘူး၊ ဘာတွေရှိလဲ၊ အဆင်း ပုံရိပ်တွေပဲရှိတာ၊ colourတွေ ကျွန်တော်တို့က အဆင်း ပုံရိပ်တွေကိုကြည့်ရင်း တကယ်ထင်မသွားဘူးလား၊ တကယ်ထင်ကုန်တာ၊ မြင်ရတာတော့ တီဗွီဖန်သားပြင်မှာ အဆင်းပုံရိပ်တွေပဲမြင်ရတယ်၊ ကျွန်တော်တို့က ကြည့်ရင်းနဲ့ ဉပါဒါန်ကပ်သွားတယ်။ ဉပါဒါန်ကပ်တယ်ဆိုတာ တီဗွီပေါ်ကအဆင်း ပုံရိပ်တွေက ဘာဖြစ်သွားလဲ၊ ယောကျာ်းတွေ မိန်းမတွေ ထင်သွားတယ်၊ အဲဒီအတိုင်းပဲ ကျွန်တော်တို့က မျက်စိကမြင်ပြီးတော့ ဓမ္မာရုံမှာဘာပဲပေါ်လဲ၊ ပုံရိပ်ပဲ

ပေါ်တယ်၊ ဒါပေမဲ့ မနောကလဲသိရော၊ ပုံရိပ်လို့ သိလား၊ တကယ့်လူတွေလို့သိလား၊ ကျွန်တော်တို့က မြင်လိုက်ရင် တကယ့်လူတွေလို့သိနေတယ်။

## "ဥပါဒါန်နဲ့ပုဂ္ဂိုလ်သတ္တဝါ"

ဒါပေမဲ့ တကယ်တန်း မနောကသိတာက ဓမ္မာရုံက ပုံရိပ်ပဲသိတာ၊ ဒါကိုဘာလို့ လူတွေလို့ ထင်သွားတာလဲ၊ မနောမှာ ဥပါဒါန်ပါသွားလို့၊ ဥပါဒါန်ပါသွားတဲ့အခါကျတော့၊ ကျွန်တော်တို့က ဒီပေါ်မှာ ပုဂ္ဂိုလ်သတ္တဝါလို့သိပြီး သဘောကျတယ်၊ မကျတယ်ဖြစ်သွားတယ်၊ ဒါဘာကြောင့်လဲ ဥပါဒါန်ကြောင့်၊ ပဋိစ္စသမုပ္ပါဒ်မှာ ဥပါဒါနပစ္စယာ ကမ္မဘဝ၊ ဥပါဒါန်ကြောင့် ကံတွေမြောက်တယ်၊ ကျွန်တော်တို့က ရုပ်ရှင်တွေကြည့်ပြီးတော့ ဒီကောင်က ဘယ်လိုကောင် ဘယ်ဝါကောင် ဝစီကံတွေ မမြောက်ဘူးလား၊ မနောကလဲ လောဘ၊ ဒေါသတွေမဖြစ်ဘူး လား၊ (ဖြစ်ပါတယ်) မနောကံတွေ၊ ဝစီကံတွေ၊ အကုန်မြောက်တယ်၊ ဘာကြောင့်လဲ၊ ကျွန်တော်တို့ မြင်လိုက်တဲ့အခါမှာ ပုဂ္ဂိုလ်သတ္တဝါလို့ သိနေတာလေ၊ ဥပါဒါန်ကြောင့် မနောကံတွေမြောက်နေတယ်လို့ ကျွန်တော်တို့ မသိဘူး၊ ဒါသိမ်မွေ့သွားပြီ၊ လူတိုင်း မသိနိုင်ဘူး၊

ဒီဖြစ်စဉ်ကို ကြည့်လို့ရှိရင်၊ တကယ်တန်း မနောက သိတာ ဓမ္မာရုံကအာရုံကိုဘဲသိတာ၊ ဒါပေမဲ့ မနော မှာ ဉပါဒါန်ပါသွားတဲ့အတွက် ယောကျာ်းတွေ၊ မိန်းမ တွေ၊ ပုဂ္ဂိုလ်သတ္တဝါတွေလို့ စိတ်ထဲမှာပေါ်သွားတာ ကိုက မနောကံ မြောက်သွားတာ၊ ဒါပေမဲ့ မနောကံ မြောက်မှန်း မသိလိုက်ဘူး။ အပြင်က မျက်လုံးထဲ အဆင်းတွေဘဲဝင်တာ၊ ကျွန်တော်တို့ ဓမ္မာရုံကျမှ ပုဂ္ဂိုလ်သတ္တဝါ ဖြစ်နေတယ်။

## "မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်"

မနောနဲ့ ဓမ္မာရုံဆိုတာ ဒီလိုအလုပ်လုပ်နေတယ်၊ အသံနဲ့နားနဲ့တိုက်ရင် နားကအသံပဲ သိတာ၊ နားက လူသံ၊ ခွေးသံလို့မသိသေးဘူး၊ ဓမ္မာရုံမှာ မနောက လူသံ၊ ဒါကခွေးသံ၊ ဒီလိုပညတ်လိုက်တာ၊ ဒီတော့ နားကကြားတယ်၊ မနောကသိတယ်၊ နှာခေါင်းမှာလဲ အတူတူပဲ၊ ဒါကစံပယ်ပန်းနံ့၊ ဒါကနှင်းဆီပန်းနံ့၊ နှာခေါင်းကမသိဘူး၊ ဘယ်သူက သိတာလဲ၊ မနောက သိတာ၊ မနောကပညတ်တယ်၊ လျှာပေါ်မှာ သတိလေး ထားစားကြည့်၊ လျှာကကြက်သားလဲမသိဘူး၊ ဝက်သား လဲမသိဘူး၊ ကော်ဖီလဲမသိပါဘူး၊ ဘာတော့သိလဲ ချိုတာ၊ ချဉ်တာ၊ အရသာပဲသိတယ်။ ဒီဟာက

ကြက်သား၊ ဒီဟာက ဝက်သားဆိုတာ ဘယ်သူက သတ်မှတ်တာလဲ၊ မနော၊ ဒီတော့ လျှာကစားတယ်၊ မနောကသိတယ်၊ ကိုယ်က ကြမ်းတယ်၊ ချောတယ် ဒီအစလေးကို ကိုင်လိုက်တာ ချောတယ်၊ ကြမ်းတယ်၊ အဲဒါသိတာ လက်ကမသိဘူး၊ ဘယ်ကသိတာလဲ၊ မနောကသိတယ်။

## "မနောနဲ့ဓမ္မာရုံ"

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ကတော့ဟုတ်ပြီ၊ တွေးရင်ကြတော့ မနောနဲ့ ဓမ္မာရုံမှာပဲဖြစ်တာ၊ ကျွန်တော်တို့ တွေးရင်ပုံတွေပေါ်တယ်၊ တခါတလေကျ စကားတွေတောင် ပြောကြသေးတယ်၊ ဒီကောင်နဲ့ တွေ့ရင် မနက်ဖြန် ငါဘာတွေ ပြောလိုက်အုံးမယ်ဆို တာ မနောဘက်ကနေကြံစည်တာ၊ ဘာတွေလုပ်နေ တာလဲ၊ မနောနဲ့ဓမ္မာရုံလုပ်နေတာ၊ ဒီလိုမသိတော့ ကျွန်တော်တို့ကဘာလုပ်တယ်ထင်လဲ၊ ငါကြံတယ် လို့ထင်နေတာ၊ ဒီတော့ အခုပြောချင်တာက မနောနဲ့ ဓမ္မာရုံဆိုတာ ကျွန်တော်တို့မှာ တကယ်ရှိတယ်ဆို တာကို ပြောချင်တာပါ။

## "ရန်ကုန်ရွှေတိဂုံနဲ့အာရုံရွှေတိဂုံ"

ကျွန်တော်တို့ ဝိပဿနာရှုတယ်ဆိုတာ ဓမ္မာရုံ

ပေါ်က အာရုံတွေကို အရင်ရှုရပါတယ်။ ဒီတော့ မနော ဒွါရနဲ့ဓမ္မာရုံဆိုတာ ဝိပဿနာရှုတဲ့အခါမှာ သူက အခရာကျလာတယ်။ ဒီတော့ မျက်စိမှိတ်ပြီး ရွှေတိဂုံဘုရားကြီးကို အာရုံပြုလိုက် ရန်ကုန်က ရွှေတိဂုံက သပ်သပ်ရှိတယ်၊ ကျွန်တော်တို့ထဲမှာပေါ်တာက အာရုံရွှေတိဂုံ၊ မျက်စိမှိတ်ပြီးဆင်ခြင်ရင် အာရုံ ရွှေတိဂုံ စေတီတော်ကြီးမပေါ်ဘူးလား၊ (ပေါ်ပါတယ်) မဆင်ခြင်ရင် ပေါ်သေးလား မပေါ်တော့ဘူး၊ ရန်ကုန် ကရွှေတိဂုံက အမြဲမရှိဘူးလား (ရှိပါတယ်) ဓမ္မာရုံမှာ ပေါ်တဲ့ အာရုံရွှေတိဂုံက ဆင်ခြင်တုန်းဘဲပေါ်တယ်၊ မဆင်ခြင်ရင်ရှိသေးလား၊ မရှိတော့ဘူးနော်၊

ဒီတော့ ကျွန်တော်တို့ထဲမှာပေါ်တဲ့ အာရုံရွှေတိဂုံက အမြဲရှိလား(မရှိပါဘူး)၊ ရန်ကုန်ရွှေတိဂုံက သပ်သပ်၊ ကျွန်တော်တို့ မျက်စိမှိတ်ပြီး ဆင်ခြင်ကြည့်တာက အာရုံရွှေတိဂုံ၊ အာရုံရွှေတိဂုံနဲ့ ရန်ကုန်ရွှေတိဂုံ (၂)မျိုးရှိနေပြီနော်၊ ဒီတော့ အာရုံရွှေတိဂုံက ဆင်ခြင်တုန်းဘဲပေါ်တယ်၊ မဆင်ခြင်ရင် ရှိသေးလား၊ အမြဲရှိလား(မရှိပါဘူး)၊ ကျွန်တော်က လူတွေကို မေးကြည့်တယ်၊ သားသမီးဘယ်နှစ်ယောက်ရှိလဲ၊ ဆရာရယ် (၃)ယောက်ရှိတယ်၊ အကြီးကဆယ်တန်းအောင်ပြီ၊

တက္ကသိုလ်တက်နေပြီ၊ အလတ်က (၈)တန်း၊ အငယ် ဆုံးကရော၊ အခုမှ ဆရာရယ်(၄)တန်းဘဲ ရှိသေးတယ်၊ အဲဒါကတရားဘဲ၊ ရွှေတိဂုံတုန်းကတော့ နှစ်မျိုး ကွဲတယ်၊ ဆင်ခြင်လိုက်လို့ရှိရင်ပေါ်တာက အာရုံ ရွှေတိဂုံ၊ ရန်ကုန်ရွှေတိဂုံကသပ်သပ်၊ နှစ်ခုကွဲတယ် နော်၊ ကျွန်တော်က သားသမီး ဘယ်နှစ်ယောက်လဲလို့ မေးလိုက်တဲ့အခါကျတော့ ကျွန်တော့်ကို ပြောတာ အပြင်ကသားသမီး(၃)ယောက်ပဲ ပြောနေတာ၊ အမှန် က သူ့ထဲမှာ ဓမ္မာရုံမှာပေါ်တဲ့ သားသမီး၊ အာရုံ သား သမီးပဲပေါ်တာ၊ ဉာဏ်နဲ့နဲလိုတယ်၊ အခုသွားမဲ့လမ်း ကြောင်းက ဓမ္မာနုပဿနာလို့ ခေါ်တယ်။ ဝိပဿနာမှာ ကာယနုပဿနာရှိတယ်၊ ဝေဒနာနုပဿနာရှိတယ်၊ စိတ္တာနုပဿနာရှိတယ်၊ ဓမ္မာနုပဿနာရှိတယ်။

## "အာရုံသားသမီး"

ကျွန်တော်တို့ နေ့စဉ်ပြောတဲ့အထဲမှာ အာရုံ သဘောကို သိလာပြီ၊ အာရုံရွှေတိဂုံနဲ့ ရန်ကုန် ရွှေတိဂုံ ဒီ(၂)ခု ကွဲစေချင်တယ်။ ကျွန်တော်တို့ ဒီ(၂)ခု ကွဲရင် ရန်ကုန်ရွှေတိဂုံက သိင်္ဂုတ္တရကုန်းတော်ပေါ်မှာ၊ ရန်ကုန် ရွှေတိဂုံမှာ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဓါတ်ကြီး(၄)ပါးရှိနေတယ်။ သူတို့လဲ သူ့သဘော

သူဆောင်ပြီးတော့ ဖြစ်တည်ပျက်နဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရုပ်သဘောတွေနော်၊ ဒါပေမဲ့ ကျွန်တော်တို့က ဝိပဿနာရှုတယ်ဆိုတာ အာရုံကိုရှုမှာ၊ ကျွန်တော်တို့ထဲမှာ ဆင်ခြင်ရင်ပေါ်လာတာ အာရုံရွှေတိဂုံ၊ အာရုံဆိုတာ ဆင်ခြင်တုန်းအခိုက်ပဲရှိတာ၊ မဆင်ခြင်ရင် ရှိသေးလား၊ အမြဲရှိလား၊ မရှိဘူး၊ အဲဒါကိုက အနိစ္စဝင်နေပြီ။ ကျွန်တော်တို့ကအားလုံးဟာ အာရုံနဲ့ ရန်ကုန်(ရွှေတိဂုံ) မခွဲတတ်ဘူး၊ အပြင်သားသမီးနဲ့ အာရုံသားသမီးနဲ့ မခွဲတတ်ဘူး၊ အာရုံသားသမီးက ကျွန်တော်မေးလိုက်တဲ့ အချိန်ကျမှ ဆင်ခြင်ပြီးပေါ်သွားတာ၊ မဆင်ခြင်တော့ အဲဒီသားသမီး ရှိသေးလား၊ (မရှိတော့ဘူး)။

## "သားသမီးအမြဲရှိတယ်"

ကျွန်တော်တို့က သားသမီးကို ဘယ်လိုထင်နေလဲ၊ အမြဲရှိတယ်လို့ထင်နေတာ၊ အမြဲရှိတယ်ဆိုတော့ နိစ္စကြီး ဖြစ်နေပြီ၊ သားသမီးဆိုတာအပြင်မှာလဲ မမြဲပါဘူး၊ ရုပ်တွေနာမ်တွေဖြစ်နေတာပျက်နေတာပါပဲ၊ သူ့သဘော သူဆောင်နေတာ၊ ကျွန်တော်တို့အခု စကားတွေ တစ်လုံးပြီးတစ်လုံး မပြောဘူးလား၊ ပြောပြီးပျက်မသွားဘူးလား၊ အပြင်မှာတကယ် အနိစ္စ

မှတ်ထားနော်၊ ကျွန်တော်တို့က အပြင်အနိစ္စနဲ့သိနေတာ၊ အပြင်က အနိစ္စကိုလူတိုင်းသိတယ်။ အခုကျွန်တော်ပြောတဲ့ စကားလုံးတိုင်း စကားလုံးတိုင်း ဟာပြီးတာနဲ့ ရှိသေးလား၊ (မရှိတော့ဘူး)အနိစ္စ၊ အိမ်လဲပြန်သွားရော ဆရာကတရားပွဲ ပြောလိုက်တာဆိုတော့ သူ့ထဲမှာနိစ္စဖြစ်နေတယ်၊ သူ့ထဲကမပြီးဘူး၊ အပြင်ကအနိစ္စဖြစ်တယ်၊ ကျွန်တော်တို့ထဲမှာ ဘာဖြစ်နေတာလဲ နိစ္စဖြစ်နေတာ။ အမှန်က ကြားပြီး ပျက်သွားတာပဲ၊ သူကအပြင်တွေချည်း ဖြစ်နေတာကို၊ အပြင်ကတော့ မှန်တာပေါ့၊ လူတိုင်း သိတာပေါ့ ဒါကကြားပြီးပျက်တာလေ၊ သူ့စိတ်ထဲမှာပျက်လား ဒါမမြင်ဘူး၊ ဘာကြောင့်လဲလို့ဆိုရင် ဓမ္မာရုံမှာ မနောကဥပါဒါန်နဲ့ စွဲနေလို့ မပျက်ဘူးဖြစ်နေတာ။

## "ဝိပဿနာဆိုတာအတွင်းရှု"

ဝိပဿနာဆိုတာ အတွင်းရှုသာ ပြောနေကြတယ်၊ ဘယ်လိုရှုရမှန်းမသိဘူး၊ ဘယ်နေရာမှန်းမသိဘူး၊ ဓမ္မာရုံနဲ့ မနောဒွါရကို နားမလည်ဘူးနော်၊ အပြင်မှာက အနိစ္စသေချာတယ်၊ ကဲ အခု ကျွန်တော်တို့ ကြားပြီးပျက်တာပဲ ကျွန်တော့်အသံတွေမရှိတော့ဘူး၊ အကုန်သိတာပဲ။ ဒါပေမဲ့ ဆရာက တရားပွဲတုံးက

ပြောလိုက်တာ သူသိသူတတ်ချည်းပဲ ဘာတွေပြော မှန်းလဲမသိဘူး၊ ဒို့နားမလည်ပါဘူး၊ သွားပြီ၊ သူ့ထဲမှာ မပျက်ဘူးလေ၊ သူ့ထဲမှာ အနိစ္စမဖြစ်ဘူးလေ၊ ဝိပဿနာက အတွင်းထဲရှုရမှာ အနိစ္စကိုမြင်မှာ၊ ကျွန်တော်တို့က အတွင်းထဲကို မရှုတက်ဘူး၊ အတွင်း ဓမ္မာရုံသဘော၊ မနောဒွါရနဲ့ ဓမ္မာရုံသဘောကို နားမ လည်ဘူးဖြစ်နေတယ်။

## "အာရုံကိုအောက်မေ့တာသတိ"

အာရုံဆိုတာ အခိုက်အတန့်သဘောပဲ ဒီလို တဖြေးဖြေး သတိကအောက်မေ့တတ်လာပြီ၊ သတိ လေးပြန် ထည့်လိုက်တယ်၊ အဲဒီလိုတွေ ဘယ်သူက အောက်မေ့တာလဲ၊ သတိကအောက်မေ့တာ၊ မမြဲပါ လားလို့သိတာလဲ ဘယ်သူကအောက်မေ့တာလဲ၊ သတိကအောက်မေ့တာ၊ ဟောပြန်လာပြီ၊ သတိက၊ ငါသိတာမဟုတ်ဘူးနော်၊ ဆရာရယ် ကျွန်တော့်မှာ ပြဿနာတွေက အမြဲရှိနေတယ်လို့ ထင်ခဲ့တာတဲ့ ဆရာပြောလိုက်မှ သေချာစဉ်းစားကြည့်တော့ မဟုတ် ဘူးတဲ့၊ စိတ်ထဲမှာပေါ်နေမှ ပြဿနာကရှိလာတာတဲ့ အဲဒီဟာနဲ့ပတ်သက်ပြီး စိတ်ထဲမှာမရှိရင် ပြဿနာ ကမရှိတော့ဘူးတဲ့ အခုတော့ နေရတာနဲနဲ ပေါ့သွား

တယ်၊ အရင်တုံးကတော့ ဝန်ထုတ် ဝန်ပိုးကြီးဖြစ်နေတာ၊ ကျွန်တော့မှာ ပြဿနာတွေက အမြဲရှိနေတာ၊ ကျွန်တော်က အဲဒါဆို ရိစရာ မောစရာ ပြောတော့ မင်း ခုနပြဿနာတွေက ဘယ်ရောက်သွားလို့လဲ သူ့ကိုသူ အမြဲရှိတယ်ထင်တာလေ၊ ကျွန်တော် ရိစရာ ပြောလိုက်တဲ့အခါ ရှိသေးလား၊ သူအဲဒီလိုမသိခဲ့ဘူး၊ တခါမှ အဲဒီလို ပြန်ပြီးတော့ သတိနဲ့ မဆင်ခြင်ကြည့်ခဲ့ဘူး။

## "သတိသမ္ဗဇဉ်"

ဒါကို မြတ်စွာဘုရားက ဘာဟောလဲဆိုတော့ သတိသမ္ဗဇဉ်၊ သတိကအောက်မေ့တယ်၊ နောက်က ဆင်ခြင်တယ်၊ အာရုံလေးပါလားလို့ ဆင်ခြင်တာ သမ္ဗဇဉ် ကိုယ့်ထဲမှာပေါ်တာ ဘာလေးပဲပေါ်တာလဲ အာရုံလေးပဲ၊ အာရုံဆိုတာက ကိုယ့်ထဲမှာ သိရရုံသက်သက်ပဲ၊ အာရုံဟာ ပုဂ္ဂိုလ်လဲမဟုတ်ဘူး၊ သတ္တဝါလဲမဟုတ်ဘူး၊ အာရုံပဲ၊ ဆင်ခြင်တုန်း အခိုက်ပဲပေါ်တယ်၊ မဆင်ခြင်ရင်ရှိသေးလား (မရှိတော့ဘူး)။

အခုအာရုံတွေဟာ မမြဲဘူးလို့အောက်မေ့တာသတိ၊ ငါမဟုတ်တော့ဘူး၊ ဒီအာရုံတွေက အမြဲမရှိပါလား၊ အကြောင်းတိုက်ဆိုင်တုန်းပဲပေါ်တယ်၊

အကြောင်းကင်းရင် ချုပ်ပျောက်တယ်၊ ဘယ်မှာ နေလဲ မေးရင် သူက ကျွန်တော် ဘယ်မှာနေတယ်ဆိုရင် ဓမ္မာရုံမှာဆင်ခြင်ပြောတာ၊ အိမ်က (၂)လုံး၊ နေတဲ့ အိမ်ကတစ်လုံး၊ ဓမ္မာရုံမှာ အာရုံအိမ်က တစ်လုံး၊ လူတွေက အိမ်(၂)လုံးရှိကြောင်းမသိဘူး၊ ကိုယ့်ထဲမှာ အာရုံပေါ်နေတာကို အာရုံပေါ်မှန်းမသိဘူး၊ အာရုံကို သဘောမပေါက်ဘူး၊ ဘယ်ပေါက်ပါ့မလဲ ကျွန်တော် တို့က ဥပါဒါန်ရှိတော့ အာရုံကဘာဖြစ်သွားလဲ နေတဲ့အိမ်ကြီးဖြစ်သွားတယ်။

## **"ယထာဘူတဉာဏ်"**

ဒီတော့ သတိကိုသတိလို့ သိတာကိုက အရှိကို အရှိတိုင်းသိတယ်၊ အရှိကိုအရှိတိုင်းသိရင် ယထာ ဘူတဉာဏ်ရတယ်၊ ပုဂ္ဂိုလ်သတ္တဝါလို့ မယူတော့ဘူး၊ ငါလို့မယူတော့ဘူး၊ အရှိကိုအရှိတိုင်းသိပြီ၊ ကိုယ့်မှာ သတိနဲ့ ဆင်ခြင်လိုက်ရင် အာရုံရွှေတိဂုံကတစ်ခု၊ ရန်ကုန်ရွှေတိဂုံကတစ်ခု၊ အဲဒီအခါကျ အရှိကိုအရှိ တိုင်း မသိဘူးလား၊ သိတယ်၊ ဘာရှိလို့လဲ၊ သတိရှိလို့၊ သတိမရှိရင် နှစ်ခုခွဲမသိဘူး တစ်ခုထဲပဲသိတယ်။

## **"သတိနဲ့ဥပါဒါန်"**

သတိရှိရင် ဟုတ်တိုင်းမှန်စွာ အောက်မေ့နိုင်

တယ်။ သတိရှိရင် ဥပါဒါန်မရှိဘူး၊ နောက်တစ်ဆင့် တက်ပြီ၊ သတိရှိရင် ဥပါဒါန်မရှိဘူး၊ ဥပါဒါန်ရှိရင် သတိမရှိဘူး၊ ရွှေတိဂုံတစ်မျိုးထဲသိလိုက်ရင် သတိမရှိတော့ဘူး၊ ကျွန်တော်တို့ ကိုရီးယားကားတွေကြည့်တယ်၊ တကယ့်လူတွေလို့ ထင်လိုက်တာနဲ့ သတိမရှိဘူး၊ ဥပါဒါန်ကပ်သွားပြီ၊ ကံတွေလဲမြောက်ကုန်ပြီ၊ ပဋိစ္စသမုပ္ပါဒ်တွေလည်ကုန်ပြီ၊ လည်မှန်းကိုမသိဘူး၊ သတိရှိလိုက်တာနဲ့ ဥပါဒါန်ချုပ်သွားပြီ၊ ဒါလေးတစ်ချက်တွဲပေးလိုက်တယ်။

## "ဥပါဒါန်ဖြစ်ပျက် သတိကမင်"

ဥပါဒါန်ဖြစ်ပျက် သတိကမင် ဒါပါပဲ၊ ရုပ်ရှင်တွေကြည့်ပြီး မင်းသားကဘယ်လို၊ မင်းသမီးကဘယ်လိုဆိုပြီး သူကပြောနေရင်တော့ သေချာပြီ၊ ဘာဖြစ်လဲ၊ ဥပါဒါန်တွေ ကပ်နေပြီ၊ ဥပါဒါနပစ္စယာကမ္မဘဝ၊ ကံတွေမြောက်နေပြီ။ အဲဒီကျမှ ငါဥပါဒါန်တွေကပ်နေပါလားလို့ သတိကလဲ အောက်မေ့လိုက်ရော ခုနက ဥပါဒါန်ရှိသေးလား၊ ဥပါဒါန်ဖြစ်ပျက် သတိကမင် ဒါပဲ။ ခန္ဓာဉာဏ်ရောက်ပဲ၊ TVကြည့်ရင်းနဲ့ သတိဖြစ်နေပြီ၊ TVကိုပယ်တာမဟုတ်ဘူး၊ TVကိုမကြည့်နဲ့လို့ ပြောတာမဟုတ်ဘူး၊

ကြည့်ရင်းနဲ့ဘဲ မြင်တာပယ် လို့မရဘူး၊ အဲဒီမြင်တဲ့ အပေါ်မှာ ဥပါဒါန်ကိုပဲ သတိနဲ့ပယ်တာ။

## "ရှေ့စိတ်ဖြစ်ပျက်၊ နောက်စိတ်မင်္ဂ"

ရှေ့စိတ်ဖြစ်ပျက်၊ နောက်စိတ်မင်္ဂနဲ့ အတူတူပဲ၊ ဥပါဒါန်ဖြစ်ပျက် သတိကမင်္ဂ အတူတူပဲ၊ ဒါဆိုပို နားလည်သွားတယ်၊ TVကြည့်ပြီး တချက်လေးရလဲ မဆိုးဘူးလေ၊ သိလိုက်တာနဲ့ သတိကရှိသွားပြီ။ သတိရှိလိုက်တာနဲ့ ဥပါဒါန်ချုပ်သွားပြီ၊ ဒီနေ့ သတိ ရယ်၊ ဥပါဒါန်ရယ်၊ အာရုံရယ်၊ အဲဒီအာရုံကို ဥပါဒါန် လဲကပ်သွားရော၊ တကယ်ထင်ကုန်တာဘဲ ယောကျာ်း တွေ မိန်းမတွေ၊ ရွှေတိဂုံဆိုလည်း ဒီအတိုင်းပဲ၊ သတိ ရှိတော့ ကိုယ့်ထဲမှာပေါ်တာ အာရုံပဲ၊ ဒီအာရုံက ဆင်ခြင်တုန်းအခိုက်ပဲပေါ်တာ၊ မဆင်ခြင်တော့ မရှိ တော့ဘူး၊ အဲဒီလိုသိသွားလို့ရှိရင် သတိရှိပြီ၊ သတိရှိ လိုက်တာနဲ့ ဥပါဒါန် မချုပ်ဘူးလား၊ ဥပါဒါန်ချုပ်ရင် ကံမချုပ်ဘူးလား ပဋိစ္စသမုပ္ပါဒ် မရပ်ဘူးလား။

## "ဥပါဒါန်ကပ်မှာမကြောက်နဲ့ မသိလိုက်မှာသာကြောက်"

လက်တွေ့ဝိပဿနာဆိုတာ လက်တွေ့ဘဝနဲ့ အလွန်နီးစပ်တယ်၊ ဥပမာ အိမ်မှာဆွမ်းကျွေးပေါ့နော်၊

ဟင်းပွဲတွေချထား၊ ဆွမ်းကျွေးဆိုတော့ ဟင်းတွေက ပိုများတာပေါ့၊ ဟင်းနှိုက်လို့ရှိရင် ကိုယ်ကြိုက်တာ ကိုယ်နှိုက်တာပဲ၊ ကိုယ်ကြိုက်တာဆိုကတည်းက မြင်လိုက်တဲ့အပေါ်မှာ ဥပါဒါန်ပါသွားပြီ။ ဥပါဒါန ပစ္စယာ ကမ္မဘဝ၊ ကိုယ်ကြိုက်တဲ့ဟင်း ကိုယ်ဥပါဒါန် ကပ်တာ ကိုယ်နှိုက်တာဆိုတော့ ကာယကံမြောက် သွားပြီ၊ ဥပါဒါနပစ္စယာ ကမ္မဘဝရတယ်၊ ဥပါဒါန် ကပ်မှာ မကြောက်နဲ့ မသိလိုက်မှာသာကြောက်၊ နောက်ကမဂ်မလိုက်မှာ ကြောက်ရတယ်၊ ဥပါဒါန် ကပ်ရင်ကပ်မှန်း နောက်သတိနဲ့ အောက်မေ့လိုက်ရင် ဝိပဿနာမဂ်က ရပြီ၊ ကျွန်တော်တို့ ရှေ့ကဥပါဒါန် ကတော့ အကုသိုလ်ပဲ နောက်ကသတိဆိုတဲ့ မဂ် ကုသိုလ်နဲ့ပယ်ပစ်လိုက်တာပါ။

(ပထမနေ့ပြီး၏။)

# "နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

ဒီနေ့ ဘာပြောမှာလဲဆိုတော့ အတ္တနဲ့အနတ္တကို ပြောမှာပါ။ အတ္တအနတ္တကို သိသလိုနဲ့ တကယ်တမ်း သေသေချာချာမသိတာကို တွေ့ရပါတယ်။ ဒီတော့ မြတ်စွာဘုရားရဲ့ဝါဒက အနတ္တဝါဒ၊ မြတ်စွာဘုရား မပွင့်ခင်က အတ္တဝါဒပဲရှိခဲ့တာ။ အတ္တဝါဒကို မြတ်စွာ ဘုရားကပယ်ပြီးတော့ အနတ္တဝါဒကို ထူထောင်ခဲ့ တယ်။ ကမ္ဘာမှာ ဘာသာပေါင်းစုံ ရှိကြပေမဲ့ မြတ်စွာ ဘုရားရဲ့ဝါဒက အနတ္တဝါဒဖြစ်ပြီး ကျန်တဲ့ဝါဒတွေ ကတော့ အတ္တဝါဒဖြစ်တယ်။ အနတ္တဆိုတဲ့သဘော ကိုနားလည်မှ တရားတွေလေ့လာတဲ့အခါ အနတ္တ အမြင်နဲ့ လေ့လာနိုင်သလို တရားတွေအားထုတ်တဲ့ အခါမှာလဲ အနတ္တနဲ့အားထုတ်တတ်မှာဖြစ်ပါတယ်။

## (principle နဲ့ practise)

ကျွန်တော်တို့က မွေးလာကတည်းက အတ္တနဲ့ သိခဲ့တယ်၊ အတ္တနဲ့မြင်တယ်၊ အတ္တနဲ့ပဲကြံတယ်၊

အတ္တရှုထောင့်နဲ့ပဲ ကျွန်တော်တို့ နှလုံးသွင်းလာခဲ့ကြတာ။ အခု တရားတွေကိုလဲ အတ္တရှုထောင့်နဲ့ပဲ လေ့လာတာပဲ၊ အတ္တရှုထောင့်နဲ့ပဲ တရားတွေကို အားထုတ်နေကြတယ်။ ဒါတွေကို အင်္ဂလိပ်စာပေအနေနဲ့ပြောမယ်ဆိုရင် (principle နဲ့ practise) principle ဆိုတာက(မူ)ပေါ့၊ principle (မူ)မှန်မှ ကျွန်တော်တို့ practise ကျင့်တဲ့အခါမှာလဲ တရားကအမှန်တွေ့မှာ၊ အစကတည်းက အတ္တနဲ့အနတ္တ ခွဲခြားမသိလို့ရှိရင် အတ္တနဲ့သိပြီး အတ္တနဲ့ကျင့်နေတဲ့အတွက် အနတ္တတရားကို မတွေ့ဘူး ဖြစ်နေတာ။ ဒီတော့ ကျွန်တော်က ပြောပြတယ်။ ဆရာတော်ကြီးတွေက အနတ္တဟောတယ်။ လူတွေက အတ္တနဲ့ယူတယ်။ ဆရာတော်ကြီးတွေက ပရမတ်နဲ့ဟောတယ်။ လူတွေကပညတ်နဲ့နားလည်တယ်။ ဆရာတော်ကြီးတွေက သစ္စာနဲ့ဟောတယ်။ လူတွေက သမုတိနဲ့နားလည်တယ်။ ဆရာတော်ကြီးတွေက သတ္တဝါလွတ်တဲ့အမြင်တွေနဲ့ဟောတယ်။ လူတွေက ပုဂ္ဂိုလ်သတ္တဝါအနေနဲ့ပဲ လက်ခံလိုက်တယ်။ နားလည်သလိုလိုနဲ့ တကယ်တမ်း တရားကမတွေ့နိုင်ဘူးဖြစ်နေတယ်။

## တရားကိုမိတ်ဆက်ပေးသူ

မိုးကုတ်ဆရာတော်ကြီးမင်းတို့ပတ်ပတ်လည် ရေချည်းပဲ။ ဒါပေမဲ့ မင်းတို့က ရေပျောက်နေတယ်တဲ့။ ကျွန်တော်တို့ တရားရှုစရာတွေက ဘေးပတ်ပတ်လည်မှာ အပြည့်ပဲ၊ ကျွန်တော်တို့က တရားမှန်းမသိ ဘူးဖြစ်နေတယ်။ တခါက ကျွန်တော့်ကို လာမိတ်ဆက်ပေးတယ်။ မိတ်ဆက်ပေးတော့၊ တရားထိုင်ဖူးလားမေးတော့ ထိုင်ဖူးတယ်၊ ရိပ်သာတွေလဲဝင်ဖူးတယ်ပြောတယ်။ တရားကို ဘယ်သူကမိတ်ဆက်ပေးလဲလို့မေးတော့ မဖြေတတ်တော့ဘူး။

ဥပမာ ပြောရတယ်၊ ကျွန်တော်တို့ကိုတော့ လူတစ်ယောက်ကကြားဝင်ပြီး မိတ်ဆက်ပေးတာ။ မိတ်ဆက်ပေးတော့ သိသွားတယ်။ တရားတွေသိသွားအောင် ဘယ်သူက မိတ်ဆက်ပေးတာလဲလို့ မေးတော့ သူမပြောတတ်ဘူး။ အမှန်တော့ ဘေးပတ်ပတ်လည်မှာ တရားတွေရှိတယ်။ မြင်လည်းတရား၊ ကြားလည်းတရား၊ နံလည်းတရား၊ စားလဲတရား၊ ထိလဲတရား၊ တွေးလဲတရားပဲ။ ဒါပေမဲ့ အဲဒီတရားတွေကို သတိကမိတ်ဆက်မပေးရင် တရားမတွေ့ဘူး။

# သတိပဋ္ဌာန်(၄)ပါး

ဒါကြောင့် ဒီသတိကအရေးကြီးလို့ မြတ်စွာဘုရားက သတိပဋ္ဌာန်ဆိုပြီး သပ်သပ်ကိုဟောကြားခဲ့ရတာ။ တရားအား ထုတ်တဲ့ကျင့်စဉ် သတိပဋ္ဌာန်(၄)ပါးမှာ ရုပ်တွေကိုအောက်မေ့ပြီး သတိတည်ထောင်တာ။ ဝေဒနာကို အောက်မေ့ပြီး သတိတည်ထောင်တာ။ စာလိုပြောရင် ကာယာနုပဿနာသတိပဋ္ဌာန်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်ဆိုပြီး အားလုံးက ရုပ်ရှုရတယ်၊ ဝေဒနာရှုရတယ်၊ စိတ်ရှုရတယ်၊ ဓမ္မာနုပဿနာ ဆိုတာကတော့ စာပေလိုတော့ နီဝရဏတရားငါးပါး၊ ခန္ဓာငါးပါး၊ အာယတန၊ ဗောဇ္ဈင်၊ သစ္စာစသည်တို့ကိုရှုရတယ်ဆိုပြီးတော့ ဓမ္မာနုပဿနာမှာ (၅)ပိုင်း ခွဲထားပါတယ်။

ရုပ်ကိုရှုခိုင်းတာလဲ ရုပ်ကိုအောက်မေ့ပြီး သတိတည်ထောင်မှာ၊ ဝေဒနာကိုအောက်မေ့ပြီး သတိတည်ထောင်မှာ၊ ဝေဒနာဖြစ်ပျက်ကို တစ်ချိန်မှာတော့ သိလာမှာပါ။ ပထမအဆင့်က ဝေဒနာကိုအမှီပြုပြီး သတိဖြစ်ချင်တာ၊ စိတ်ကိုမူတည်ပြီး သတိဖြစ်ချင်တာ၊ ဓမ္မနုပဿနာဆိုတာ ရုပ်ရယ်၊ ဝေဒနာရယ်၊ ဝိညာဏ်

ရယ်၊ ကျန်တဲ့(၂)ခုက သညာ၊ သင်္ခါရကို ဓမ္မာနုပဿနာလို့ အကြမ်းစား ခွဲလို့ရပါတယ်။ သညာပေါ်ရင် သညာပေါ်တယ်လို့ သိလိုက်ရင် သညာကိုအောက်မေ့တဲ့ သတိရှိလာပါပြီ။ သတိဆိုတာလည်း သင်္ခါရပါပဲ။ ဥပါဒါန်ဆိုတာလဲ သင်္ခါရပါပဲ၊ လောဘတို့ ဥပါဒါန်တို့ဆိုတာ သင်္ခါရက္ခန္ဓာထဲမှာပါပါတယ်။ သူတို့ကိုအမှီပြုပြီး သတိတည် ထောင်တာ။ ဒါကြောင့် သတိပဋ္ဌာန်လို့ဟောထားတာ။ မိမိကိုယ်က သတိရဲ့ တည်ရာ ဖြစ်အောင် အားထုတ်ကြရမှာပါ။

## အတ္တနဲ့အနတ္တ

ဒီနေ့ပြောမှာက အတ္တနဲ့အနတ္တပါ။ ဒီတော့ အတ္တဆိုတာဘာလဲဆိုရင်။ ကိုယ့်အလိုအတိုင်း ဖြစ်တယ်လို့ယူတာ။ အများအားဖြင့် အတ္တဆိုတာ ဘာလဲဆိုရင် အတ္တဆိုတာငါပေါ့။ ဒီလိုပြောကြတယ်။ ဒီကောင်အတ္တသိပ်ကြီးတာပဲ၊ ဒီကောင်သူ့အလို ချည်းဘဲလုပ်တာပဲ။ သူဘို့ဘဲ သိတာဘဲဆိုတာ ရပ်ကွက်သိပြောတာ။ ဝိပဿနာအားထုတ်တဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ ဘာသိရမှာလဲဆိုရင် အကြောင်းတရားနဲ့ အကျိုးတရားပေါ်မှာ အကျိုးတရားတွေက **(ကိုယ့်အလိုအတိုင်း)** ဖြစ်တယ်လို့ယူရင် အတ္တပဲ။ ဒါဆို

အနတ္တဆိုတာဘာလဲ။ ကိုယ့်အလိုအတိုင်း မဖြစ်ဘူး။ အကြောင်းအားလျော်စွာပဲ အကျိုးတရားတွေဖြစ်တယ်လို့သိရင် အနတ္တသဘောကို သိသွားပါတယ်။ သောတာပန်ပုဂ္ဂိုလ်ဟာစတင်ပြီး အနတ္တကို မြင်သွားတာပါ။ ဘာလို့ ဒီလောက်ပြောနိုင်တာလဲဆိုတော့ အရှင်သာရိပုတြာ တရားတစ်ပုဒ်နာ ကြားရုံနဲ့ သောတာပန်တည်ပါတယ်။ ဘယ်ဂါထာလေးလဲ ဆိုတော့ ကျွန်တော်ခေါင်းစဉ်တပ်လိုက်တယ်၊ ဝိဘဇ္ဇဝါဒလို့ ခေါ်တယ်။

**“ယေ ဓမ္မာ ဟေတုပ္ပဘဝါ တေသံဟေတုံ**
**တထာဂတော အာဟ။”**
**တေသဉ္စ ယော နိရောဓော ဧဝံဝါဒီ**
**မဟာသမဏော”**

ယေဓမ္မာ - အကြင်အကျိုးတရား ဒုက္ခသစ္စာတို့သည်

ဟေတုပ္ပဘဝါ - အကြောင်းတရား သမုဒယသစ္စာတို့ကြောင့် ဖြစ်သည်။

တေသံ ဟေတုံ - ထိုအကျိုးတရားတို့၏ အကြောင်းတရားတို့ကို

တထာဂတော အာဟ - မြတ်စွာဘုရားရှင်

ဟောကြားတော်မူသည်ဆိုပြီး ပထမတစ်ကြောင်း တည်းနဲ့ကို သောတာပန်ဖြစ်သွားတာ။ ဒုတိယတစ်ကြောင်းမလိုဘူး။ အရှင်သာရိပုတြာကြီးက အကြောင်း အကျိုးတွေကို ပါရမီ ဘယ်လောက်ဖြည့်ခဲ့လဲဆိုတာ၊ ပါရမီကပြည့်နေပြီ၊ သူ့ကိုဟောကြားပေးမယ့် ပုဂ္ဂိုလ်ပဲလိုတော့တယ်။ ဒီတော့ ဖြစ်ပေါ်လာတဲ့ တရားတွေဟာ အကြောင်းအရင်းခံရှိတယ်။ အကြောင်းမရှိဘဲ ဘယ်အကျိုးမှ မဖြစ်ဘူးဆိုတာ သိလိုက်တာနဲ့ သောတာပန်ဖြစ်တယ်။ အရှင်မဟာမောဂ္ဂလာန်ကတော့ ဒီတစ်ကြောင်းတည်းနဲ့မဖြစ်ဘူး၊ အောက်တစ်ကြောင်းပါ ဆက်ပြီးနာရသေးတယ်။

တေသဉ္စ - ထိုအကြောင်းအကျိုးတရား နှစ်ပါးတို့၏

ယောနိရောဓော - ချုပ်ငြိမ်းရာ (နိရောဓသစ္စာ) သည်ရှိ၏။

ဧဝံဝါဒီမဟာသမဏော - ရဟန်းမြတ်ဖြစ်တော်မူသော ဘုရားရှင်သည် ဤသို့သောအယူဝါဒ ရှိတော်မူ၏။

အဲဒီအယူဝါဒဆိုတာ ဝိဘဇ္ဇဝါဒပါ။အကြောင်းနဲ့အကျိုးကို ဝေဖန် ပိုင်းခြားတာ၊ ဝိဘဇ္ဇဝါဒ၊ ဖြစ်ပေါ်

လာတဲ့တရားတွေဟာ အကြောင်းအရင်းခံရှိတယ် ဆိုတာ အကြောင်းနဲ့အကျိုးပဲရှိတယ်။ ဒီဟာလေးသိ လိုက်တာနဲ့ ဖန်ဆင်းရှင်မရှိတော့ဘူး၊ တန်ခိုးရှင် မရှိတော့ဘူး။ အလိုလိုဖြစ်တာတွေ ပယ်ပြီးသားဖြစ် သွားတယ်။ အကြောင်းနဲ့အကျိုးလို့ ပြောလိုက်တာနဲ့ ကျန်တဲ့ဟာတွေ ပယ်ပြီးသားဖြစ်သွားပြီ။ အနတ္တကို အကြောင်းနဲ့အကျိုးလို့ သဘောမပေါက်ခဲ့ကြဘူး။ အနတ္တအစိုးမရဘူး။ သူ့သဘောသူဆောင်တယ်။ ဒီလိုတွေတော့ ပြောတတ်ကြပါတယ်။

ရှင်သာရိပုတြာ အလောင်းဖြစ်သော ဥပတိဿ ပရဗိုဇ်သည် အရှင်အဿဇိထံမှ အထက်ပါဂါထာ တစ်ပုဒ်၏ ပထမပိုဒ်ကို နာကြားလိုက်သည်နှင့် သော တာပန်တည်လေသည်။ ယင်းဂါထာတွင် အကြောင်း တရား သမုဒယသစ္စာ၊ အကျိုးတရား ဒုက္ခသစ္စာနှင့် ထိုတရား(၂)ပါးတို့၏ ချုပ်ငြိမ်းရာ နိရောဓသစ္စာ ဟူသော သစ္စာ(၃)ပါးသာ ပါဝင်လေသည်။ မဂ္ဂ သစ္စာတစ်ပါး ကျန်ပါသည်။ သို့သော် ယင်း အကြောင်း တရား၊ အကျိုးတရားတို့နှင့် ထိုတရား(၂)ပါးတို့၏ ချုပ်ငြိမ်းရာကို သိမြင်နားလည်ပါက မဂ္ဂသစ္စာသည် မိမိ၏မနောမှာပင် ဖြစ်ပေါ်ပါသည်။ ယခုသော်ကား

မနောမှာပင် မဂ္ဂင်ဖြစ်သည်ကို မသိမြင်ဘဲ ငါက ဂါထာမှာ မဂ္ဂသစ္စာမပါတာကို သိတယ်ဟု တဏှာ၊ မာန၊ ဒိဋ္ဌိ ဖြစ်ပေါ်တတ်လေသည်။ မနောမှာမဂ္ဂင် ဖြစ်မှန်း သတိပညာဖြင့်သိမြင်ပါက 'ငါ' ဒိဋ္ဌိကို အသိဖြင့် ပယ်နိုင်ပါသည်။ မနောမှာ မဂ္ဂင်ဖြစ်တာနဲ့ ဒိဋ္ဌိက မရှိတော့ဘူး။ မနောမှာ မဂ္ဂင်ဖြစ်မှန်းမသိတော့ ငါသိတယ်ဆိုပြီး ဒိဋ္ဌိဖြစ်သွားတာ၊ ဒီဟာလေးကို နားလည်နေမှ ဒိဋ္ဌိကို အသိနဲ့ဘယ်လိုဖြုတ်ရမှန်းသိမယ်။ ကျွန်တော်တို့က မနောကိုမသိမ်းဆည်းတတ်သေးဘူး။ အာရုံတွေနောက်ပဲ လိုက်နေတယ်။

## ယေဓမ္မာနဲ့အနတ္တ

အတ္တအနတ္တကိုပြန်ပြောဦးမယ်။ အကြောင်းနဲ့အကျိုးကို ဘာကြောင့် အတ္တနဲ့အနတ္တအနေနဲ့ ပြောနိုင်တာလဲ ဆိုတော့။ ယေဓမ္မာဟေတုပ္ပဘဝါ ဆိုတဲ့ ရှင်သာရိပုတြာကို ရှင်အဿဇိက ဟောကြားရင်း တရားရသွားတာကိုမူတည်ပြီး အတ္တနဲ့အနတ္တကို ခွဲခြားသိပြီး သစ္စာဆိုက်သွားခြင်း ဖြစ်ပါတယ်။

အကြောင်းနဲ့အကျိုးကို သမုတိနယ်မှာ လူတိုင်းသိတယ်။ ဒါပေမယ့် ပရမတ်နယ်အနေနဲ့ နားမလည်ဘူး။ သစ္စာနယ်နဲ့နားမလည်ဘူး။ နယ်(၃)နယ်နဲ့ ခွဲပေး

တယ်။ အကြောင်းအကျိုးလည်း သမုတိနယ်မှာ အားလုံးသိတယ်။ အခု ပရမတ်နယ်အကြောင်း အကျိုးက ဘယ်လိုလဲဆိုရင် ဘာနဲ့ ဥပမာပေးလဲဆိုတော့ ရေခွက်ထဲမှာ ရေထည့်၊ အောက်က မီးအပူပေးလိုက် အားလုံး သိပါတယ်။ မီးအပူပေးရင် ရေပူလာတယ်။ ဒီတော့ မီးပူလို့ ရေပူတယ်။ မီးပူတာကအကြောင်း၊ ရေပူတာက အကျိုး၊ ဒါဆိုရင် မီးပူတဲ့အကြောင်း တရားက ရေပူတဲ့အကျိုးတရားအပေါ်မှာ အစိုးရနေတယ်။ အကြောင်း အကျိုးတော့ လူတိုင်းနားလည်တယ်။ ဒါပေမဲ့ အနတ္တနဲ့နားလည်တာ မဟုတ်သေးဘူး။ သမုတိနယ်မှာ သူသိငါသိ အကြောင်းကောင်းမှ အကျိုးကောင်းတာလို့ သဃတသဘော ဆက်နွယ်နေတယ်။ တစ်ခုနဲ့တစ်ခုက ကူးပြောင်းတဲ့ သဘောဖြစ်နေတယ်။ သဃတဒိဋ္ဌိဆိုတာ ကြားဖူးမှာပါ။ ကူးပြောင်းနေတဲ့သဘော ဖြစ်နေတယ်။ ဒါဆိုရင် သမုတိနယ်အနေနဲ့ နားလည်နေတာပါ။

## ပရမတ်တို့၏သဘာဝ

ပရမတ်နယ်မှာ မီးဆိုတာ တေဇောကောက်တယ်၊ ပရမတ်နယ်မှာ တေဇောတွေက ဖြစ်တဲ့နေရာ မှာ ချုပ်ပျောက်တယ်၊ နေရာကူးပြောင်းခြင်းမရှိဘူး။

ဒါကပရမတ်နယ်ရဲ့ နိယာမတွေဘဲ၊ နိယာမဆိုတာ ပုံသေပဲ။ ဘယ်တော့မှ မပြောင်း လဲဘူး။ သူ့ရဲ့ဖြစ်ရိုး ဖြစ်စဉ်ပဲ၊ မီးထဲက တေဇောဟာ ဖြစ်တဲ့နေရာမှာ ချုပ်ပျောက်တယ်။ နေရာကူးပြောင်းခြင်း မရှိဘူး။ ဒါဆို ရေဘယ်လိုပူလာတာတုန်း၊ ရေထဲမှာ မူလကအေးတဲ့ တေဇောရှိတယ်။ အေးတဲ့တေဇော ချုပ်ပျောက်ပြီး ပူတဲ့တေဇောတွေက သူ့သဘောသူဆောင် ဖြစ်လာတယ်။ အသစ်အသစ်တွေဖြစ်တာ။ ပူတဲ့တေဇောတွေက သူ့သဘောသူဆောင် ဖြစ်လာလို့ ရေပူတာ။ ဒါပေမဲ့ မီးဆိုတဲ့အကြောင်းတရားတော့ ကင်းလို့မရဘူး။ တစ်ခါမှ ဒီလိုရှုထောင့်က မစဉ်းစားခဲ့ဖူး။

အပူဟာ ကူးပြောင်းခြင်းလုံးဝမရှိဘူး။ မီးထဲက တေဇောဟာ ရေကိုကူးပြောင်းသွားခြင်း မရှိဘူး။ ကျွန်တော်တို့ သိပ္ပံပညာမှာက အပူစီးသွားတယ်လို့ သင်ခဲ့ရတယ်။ Connectionနဲ့ သင်ခဲ့ရတယ်၊ အခုအပူဟာ ကူးပြောင်းခြင်းလုံးဝမရှိဘူး။ မီးထဲက တေဇောဟာ မီးထဲမှာဘဲ ချုပ်ပျောက်တယ်။ ဒါပေမဲ့ ရေဘာကြောင့် ပူတာတုန်း၊ ရေထဲကအေးတဲ့ တေဇောတွေက ချုပ်ပျောက်ပြီး ပူတဲ့တေဇောတွေက သူ့သဘောသူဆောင်ပြီး (newly arised) အသစ်အသစ်

တွေဖြစ်နေတာ။ ဒါကသဘာဝတရားပဲ။ ဒါပေမဲ့ မီးဆို တဲ့အကြောင်းတော့ ကင်းလို့မရဘူး။ ကူးပြောင်း ခြင်းတော့ လုံးဝမရှိဘူး။ connection လုံးဝမရှိဘူး။ အပေါ်နဲ့အောက် connection လုံးဝမရှိဘူး။ မီးဆိုတဲ့အကြောင်းတရားက (condition)အနေနဲ့ပဲ ကျေးဇူးပြုတာ။ အခြေအနေပေးမှုနဲ့ပဲ ကျေးဇူး ပြုတယ်။ ကူးပြောင်းခြင်းတော့လုံးဝမရှိဘူး။

ဒီရှုထောင့်က အနတ္တရှုထောင့် ဖြစ်သွားပြီ။ မီးဆိုတဲ့ အကြောင်းကင်းပြီး ရေထဲက ပူတဲ့တေဇော တွေက သူ့သဘောသူဆောင်ပြီးတော့မဖြစ်ဘူး။ မီးထဲက တေဇောက မီးထဲမှာပဲ ချုပ်ပျောက်တယ်။ ကူးပြောင်းခြင်းမရှိဘူး။ ဒါဖြင့် ရေဘာကြောင့် ပူတာ တုန်းဆိုရင် ရေထဲက အေးတဲ့တေဇောတွေ ချုပ် ပျောက်ပြီး ပူတဲ့တေဇောတွေ သူ့သဘောသူဆောင် ပြီး ဖြစ်ပေါ်လာလို့ ရေပူတယ်။ ဒါပေမဲ့ မီးဆိုတဲ့ အကြောင်းတရားတော့ကင်းလို့မရဘူး။ တအား နက်နဲသွားပြီ။ အနတ္တက မြတ်စွာဘုရားလေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းရှာခဲ့ရတဲ့တရားပါ၊ လွယ်လွယ်နဲ့တော့ နားမလည်လောက်ဘူး ထင်ပါတယ်။

# လေတိုက်လို့သစ်ရွက်လှုပ်တယ်

ကျွန်တော်တို့အားလုံးသိတယ်။ လေတိုက်တာကအကြောင်း၊ သစ်ရွက်လှုပ်တာကအကျိုး၊ လေကတွန်းလို့ သစ်ရွက် လှုပ်သွားတယ်၊ ဒီလိုပဲ အားလုံးနားလည်ကြတယ်၊ ဒါဆိုလို့ရှိရင် သူ့သဘောသူဆောင်ပြီး သစ်ရွက်လှုပ်တာ မဖြစ်နိုင်တော့ဘူး။ လေဆိုတဲ့အကြောင်းတရားက သစ်ရွက်အပေါ်အစိုးရနေတယ်၊ လေကတွန်းလိုက်တော့ သစ်ရွက်ကလှုပ်သွားတယ်။ အားလုံးဒီလိုပဲနားလည်တယ်။ ပရမတ်နယ်မှာ ဘယ်လိုလဲဆိုတော့ လေမှာရှိတဲ့ ဝါယောဓာတ်က တိုးတယ် တွန်းတယ်၊ အဲဒီဝါယောက လေမှာပဲ ချုပ်ပျောက်တယ်။ ဘယ်နေရာမှ ကူးပြောင်းလို့မရဘူး။

ဒါပေမဲ့ ဓါတ်ကြီးလေးပါးဖြစ်တဲ့သစ်ရွက်မှာမူလကတည်ငြိမ်ဝါယောရှိတယ်။ တည်ငြိမ်ဝါယောကြောင့် သစ်ရွက်ကတည်ငြိမ်နေတာ။ လေဆိုတဲ့အကြောင်းတရားလဲ ကျေးဇူးပြုလိုက်ရော တည်ငြိမ်ဝါယော ချုပ်ပျောက်တယ်။ လှုပ်ရှားဝါယောတွေအသစ်ဖြစ်ပြီး သူ့သဘောသူဆောင် လှုပ်သွားတာ။ ဒါပေမယ့် လေတိုက်တဲ့အကြောင်းတရားကတော့

ကင်းလို့မရဘူး။ သစ်ရွက်မှာ လှုပ်ရှားဝါယောတွေ အသစ်အသစ်တွေပေါ်လာလို့ သစ်ရွက်လှုပ်ခြင်း ဖြစ်တယ်။ လေထဲကဝါယောကြောင့် တိုက်ရိုက်တိုး ပြီးတော့ လှုပ်တာတော့မဟုတ်ဘူး။ အကြောင်းနဲ့ အကျိုးက ပရမတ်နယ်မှာ တအားသိမ်မွေ့တယ်။

## ဖယောင်းတိုင်မီးမကူးပါ

ဥပမာထပ်ပေးကြတယ်။ ဖယောင်းတိုင်မီးကူးပြီ။ ဒီဖယောင်းတိုင်ကနေ ဟိုဖက်ဖယောင်းတိုင်ကို မီးတို့ ပေးတယ်။ ကျွန်တော်တို့က မီးကူးပြောင်းသွားတယ် လို့ ယူတယ်။ ဒီလိုပဲနားလည်ကြတယ်။ မီးကူး ပြောင်းခြင်း လုံးဝ မရှိဘူး။ ဒီဖက်ဖယောင်းတိုင် မီးနဲ့ ဟိုဖက်ဖယောင်းတိုင်မီးဇာကို တို့ပေးထားတာ၊ (condition) နဲ့ကျေးဇူးပြုထားတာ။ အကြောင်း တရားနဲ့ ကျေးဇူးပြုရုံသက်သက်ပဲ။ ဒါဖြင့် ဒုတိယ ဖယောင်းတိုင်မှာလည်း တေဇောတွေရှိတယ်။ အဲဒီ တေဇောတွေက သူ့သဘောသူဆောင်ပြီး မီးတောက် အသစ်ဖြစ်သွားတာ။ မီးကူးပြောင်းတာမဟုတ်ဘူး။ ဒုတိယဖယောင်းတိုင်မီးက သူ့သဘောသူဆောင် ဖြစ်တာ။ သူ့မှာလဲ တေဇောတွေရှိတယ်။ မီးဇာမှာ လည်း တေဇောတွေရှိတယ်။ ဒီတေဇောတွေက

သူ့သဘောသူဆောင်ပြီး မီးတောက်အသစ်ဖြစ်ပေါ်လာတာ။ ဒါပေမဲ့ ပထမဖယောင်းတိုင်ကမီးနဲ့ ကျေးဇူးပြုမှုတော့ ကင်းလို့မရဘူး။ ဒါမှသူ့သဘောသူဆောင်ပြီးတော့ မီးဖြစ်ရမှာ။ အနတ္တာပါပဲ။

## ဓမ္မအတ္တမှဓမ္မအနတ္တသို့

မြဲတယ်ဆိုတဲ့ သဿတစွန်းနဲ့ ပြတ်တယ်ဆိုတဲ့ ဥစ္ဆေဒစွန်းကို အနတ္တနဲ့ပယ်ရတာ။ ဒါက ပဋိစ္စသမုပ္ပါဒ်ဒေသနာမှာ နည်းလေးနည်းဆိုတာ ရှိပါတယ်။ ဧကတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊ ဧဝံဓမ္မတာနည်းဆိုပြီး ရှိတယ်။ လက်တွေ့မှာ နှလုံးမသွင်းတတ်ဘူး။ ကိုယ်တိုင်မမြင်တတ်ဘူး။ ပဋိပတ်ကျတော့ သဘာဝကို အကုန်မြင်သွားတာ။ ဘယ်အရာမဆို စာပေနဲ့အကုန်ကိုက်တယ်။ ဒီအတ္တနဲ့အနတ္တဟာ အကြောင်းနဲ့အကျိုးလို့သိပေမယ့် ကျွန်တော်တို့သိတဲ့ အကြောင်းအကျိုးက အကြောင်းတရားက အကျိုးတရားအပေါ်ကို အစိုးရနေတယ်။ အဲဒါကို ဓမ္မအတ္တလို့ခေါ်တယ်။ ဓမ္မအတ္တဆိုတာ ပုဂ္ဂိုလ်တော့မဟုတ်ဘူး။ အကြောင်းနဲ့အကျိုးတော့ ရောက်သွားပြီ၊ ပုဂ္ဂလအတ္တလွတ်သွားပြီးတော့ ဓမ္မအတ္တထဲကျနေတယ်။ အကြောင်းတရားက အကျိုးတရားပေါ်အစိုးရနေ

တယ်။ အဲဒီဓမ္မအတ္တကနေ ဓမ္မအနတ္တကို ထွက်လိုက်ရတာ။ အကြောင်းတရားတွေဟာ ကျေးဇူးပြုရုံပဲ အကျိုးတရားတွေဟာ သူ့သဘောသူဆောင်ပြီးတော့ ဖြစ်ပေါ်လာတယ်။ အကြောင်းတရားဆိုတဲ့ ကျေးဇူးပြုမှုနဲ့တော့ ကင်းလို့မရဘူး။ အကျိုးတရားတွေက (newly arise) သူ့သဘောသူဆောင်ပြီး အသစ်အသစ် တွေဖြစ်နေတယ်ဆိုတာကို အသိပြောင်းသွားအောင်လုပ်ရတာ တအားခက်တယ်။ အကြောင်းတရားက ကျေးဇူးပြုလိုက်ရင် အကျိုးတရားတွေက သူ့သဘောသူဆောင်ပြီးတော့ အသစ်အသစ်တွေ ဖြစ်ပေါ်နေတယ်။

## သညာနဲ့အကြောင်းအကျိုး

လက်တွေ့မှာ ဘယ်လိုလဲဆိုရင် နာမည်လေး ခေါ်ပါတယ်၊ ဦးဝင်းအောင်လို့ခေါ်လိုက်ရင် ငါ့ခေါ်တာပဲလို့ အမြဲထင်ကြပါတယ်။ မွေးတုံးက ဒီနာမည်တွေမပါပါဘူး။ အမေအဖေကပေးထားတာ၊ ကျွန်တော်တို့ကဘာနဲ့ မှတ်ထားတာတုန်း၊ သညာနဲ့ မှတ်ထားတာ။ ကျွန်တော်တို့မှာ သညာပဲပါတယ်။ ဦးဝင်းအောင်မပါဘူး။ ဒါပေမယ့် ကျွန်တော်တို့က သညာနဲ့မှတ်ထားတော့ ဦးဝင်းအောင်လို့ ခေါ်လိုက်ရင်

ငါ့ခေါ်တာပါလားလို့ သညာလေးပေါ်သွားတာ။ အခု ကျွန်တော်က ဦးဝင်းအောင်လို့ ခေါ်လိုက်ရင် သူ့မှာ သညာပေါ်သွားတယ်။ ဦးဝင်းအောင်လဲဆုံးရော အဲဒီ သညာလည်း ချုပ်သွားပြီ၊ ဦးမြင့်အောင်လို့ ထပ်ခေါ် လိုက်ရင် နောက်ဦးမြင့်အောင်ဆိုတဲ့ သညာတစ်ခု ထပ်ပေါ်ပြန်ရော၊ ဦးဝင်းအောင်လို့ခေါ်လိုက်ရင် ဦးဝင်းအောင်လဲဆုံးရော အဲဒီသညာချုပ်ပြီ၊ ဦးမြင့် အောင်လို့ ခေါ်လိုက်ရင် ဦးမြင့်အောင် သညာက ထပ်ပေါ်ပြန်ရော၊ ကိုယ့်ထဲမှာ သညာပေါ်တယ်လို့ တစ်ခါမှမကောက်ဘူး၊ ဘာလို့လဲဆိုတော့ အဲဒီသညာ မှာ ဒိဋ္ဌိသွားကပ်တော့ သညာပေါ်တာကို ငါဖြစ်နေ တာ။ သညာကို ပုဂ္ဂိုလ်သတ္တဝါပြုပြီး ငါဖြစ်နေတယ်။

## သညာလည်း အနတ္တ

ကိုယ့်နာမည်ခေါ်တာက အမှန်ကကိုယ့်ထဲ ဘာပဲပေါ်လဲ သညာပဲပေါ်တာ၊ ကျွန်တော်တို့က ဒီဘက်က သဒ္ဒါရုံ အသံက အကြောင်းတရားနဲ့ ကျေးဇူး ပြုလိုက်တယ်။ သညာကသူ့သဘောသူဆောင် ပေါ်တယ်။ အဲဒါဘဲ အနတ္တက၊ ဒီဘက်ကအကြောင်း တရားနဲ့ ကျေးဇူးပြုလိုက်တာနဲ့ သူ့ထဲကသညာက သူ့သဘောသူဆောင်ပေါ်တာ။ မပေါ်ချင်လို့ ရလား၊

ဦးဝင်းအောင်လို့ ဆုံးလိုက်တာနဲ့ အဲဒီသညာက ရှိသေးလား။ ဦးမြင့်အောင်လို့ခေါ်လိုက်ရင် နောက် သညာတစ်ခု မပေါ်ပြန်ဘူးလား။ အနိစ္စတို့ အနတ္တ တို့ဆိုတာက ကိုယ့်နာမည်ခေါ်ရင်တောင်မှ သညာ ပေါ်မှာ မူတည်ပြီးတော့ ဒိဋ္ဌိက ပြုတ်ပါတယ်။ ဒါပေမဲ့ ကိုယ့်ကို နာမည်ခေါ်ရင် သညာပေါ်ပါလားဆိုတဲ့ နောက်က သတိက မအောက်မေ့နိုင်ဘူး။ သတိမရှိတာ၊ ကျွန်တော် အခု ပြောလိုက်တာ ဘာမှမခက်ဘူး။ ဒီတရားက ကိုယ့်နာမည်လေးခေါ်ရင် ဘာပဲပေါ် တာလဲ သညာပဲ ပေါ်တာ။ ဒါက လူတိုင်းနားလည် မယ်လို့ ယူဆပါတယ်။ ဒါပေမဲ့ ကျွန်တော်ပြောပြ တယ်။ တနေ့တနေ့ ကိုယ့်နာမည်တွေ ခေါ်ကြပါလိမ့် မယ်။ သညာပေါ်တယ်လို့ သတိနဲ့မှတ်ထားစမ်းပါ။ တရားကမခက်ဘူး၊ သတိရှိဖို့ပဲခက်နေတာပါ။

## အလင်းရောက် အမှောင်ပျောက်

အခန်းကြီးတစ်ခုမှောင်နေတယ်။ မှောင်နေလို့ ရှိရင် တံခါးတွေဖွင့်ပြီး အမှောင်တွေ အပြင်ထွက်စမ်း အပြင်ထွက်စမ်း လုပ်ကြည့် ရလား၊ မရဘူး။ ဘာပဲ လုပ်ရတုန်း မီးပဲထွန်းလိုက် မီးဆိုတဲ့အကြောင်း တရားပြည့်စုံတာနဲ့ အမှောင်ကို ဖယ်စရာလိုသေး

လား။ အကျိုးတရားက သူ့သဘောသူဆောင် သွား တာ။ အကြောင်းတရားပြည့်စုံတာနဲ့ အကျိုးတရားက သူ့သဘောသူဆောင်တယ်။ မီးဆိုတဲ့အကြောင်း တရားပြည့်စုံတာနဲ့ ရေပူတဲ့အကျိုးတရားက သူ့သ ဘောသူဆောင် ပူသွားတာဘဲ။ အောက်ကမီးက အပေါ်ကရေကို ပူအောင်လုပ်စရာလဲမလိုဘူး။ မီးက သူ့သဘောသူဆောင် ဖြစ်ပြီးချုပ်ပျောက်တယ်။ အပေါ်ကရေကလည်း အေးတာတွေချုပ်ပျောက်ပြီး ပူတာတွေ သူ့သဘောသူဆောင်ဖြစ်ပေါ်တယ်။ အကြောင်းတရားပြည့်စုံရင် အကျိုးတရားတွေက ကိုယ်နဲ့မဆိုင်ဘဲ သူ့သဘောသူဆောင်နေတယ်ဆို တာ စတင်မြင်လာပါတယ်။

## သညာနဲ့ဒိဋ္ဌိ

နာမည်ခေါ်ရင် သညာပေါ်တယ်လို့ သိလိုက် တာနဲ့ သတ္တဝါအယူဒိဋ္ဌိပြုတ်နေပြီ၊ သညာက ငါမဟုတ် တော့ဘူး။ အခုနာမည်ခေါ်ရင် ဘယ်လိုထင်လဲ ငါ့ခေါ် တယ်၊ သညာကို ဒိဋ္ဌိကပ်တော့ ငါဖြစ်သွား တာပေါ့၊ ငါဖြစ်သွားတော့ ဒီသညာကငါဆိုရင် မနေ့ကလဲငါပဲ ကနေ့လဲငါပဲ နက်ဖြန်လဲငါပဲ ငါဆိုရင်အမြဲရှိတဲ့ သဘောယူထားတယ်။ အဲဒါ (နိစ္စ) ဖြစ်သွားပြီ၊ ငါဆို

ရင် အနှစ်အသား သိပ်ရှိနေတယ်။ ငါ့ကိုလာမစမ်းနဲ့ ငါကဘာဖြစ်တယ်၊ ညာဖြစ်တယ်၊ အခိုင်အမာ အနှစ်သာရ ရှိနေတယ်။ သညာပေါ်မှာ မြဲတဲ့သဘော(နိစ္စ) အခိုင်အမာ အနှစ်သာရရှိတဲ့သဘော (အတ္တ) အဲဒီလို ယူထားတဲ့အတွက် ဒိဋ္ဌိဖြစ်သွားတယ်။

## ဒိဋ္ဌိနဲ့တဏှာ

ဒိဋ္ဌိနဲ့ တဏှာခွဲရမယ်၊ အဲဒီလိုပိုင်းခြားသိဖို့က မလွယ်ဘူး။ ဥပမာ ကော်ဖီကကောင်းလိုက်တာ၊ လ္ဘက်ရည်က ကောင်းလိုက်တာ၊ မှန်တယ်တဏှာ ရှိတယ်။ ဒါပေမယ့် ကောင်းတာကို ဒီလ္ဘက်ရည်ဆိုင်က အမြဲကောင်းတယ်၊ အမြဲကောင်း တယ်လို့ ယူထား တယ်။ အခိုင်အမာ အနှစ်သာရလဲရှိနေတယ်။ ဒီလ္ဘက် ရည်က သိပ်ကောင်းတာပဲကွာဆိုတာ အနှစ်သာရ ရှိနေတယ်။ ကောင်းတာကတဏှာ အဲဒီကောင်း တဲ့ အပေါ်မှာ မြဲတယ်အနှစ်သာရရှိတယ်လို့ ယူတာကဒိဋ္ဌိ၊ အရသာကို ကောင်းတယ်ယူထားတာကတဏှာ၊ အဲဒီလ္ဘက်ရည်က အမြဲကောင်းတယ် အနှစ်သာရ ရှိတယ်လို့ယူထားတာကဒိဋ္ဌိ၊ ဒိဋ္ဌိပြုတ်တဲ့လူက ဘယ်လိုလဲဆိုတော့ သောက်ကြည့်မှကောင်းတာ၊ ကောင်းတာက အမြဲမရှိဘူး၊ လျှာနဲ့လ္ဘက်ရည်နဲ့

တိုက်တုန်းဘဲ သုခဝေဒနာလေးပေါ်လို့ကောင်းတာ၊ မျိုချလိုက်တဲ့အခါကျတော့ လျှာနဲ့လှက်ရည်နဲ့ အကြောင်းလည်းကင်းသွားရော သုခဝေဒနာရှိသေးလား၊ ကောင်းတာက အမြဲမရှိဘူး၊ အခိုင်အမာ အနှစ်သာရမရှိဘူးလို့သိရင် ဒိဋ္ဌိပြုတ်တယ်။ ကောင်းတဲ့တဏှာကို ပယ်လို့မရသေးဘူး။ အဲဒီကောင်းတဲ့အပေါ်ကို အနိစ္စမြင်အောင်ကြည့်ရမယ်။ အနတ္တမြင်အောင် ကြည့်ရမယ်လေ။ ကောင်းတာပယ်တာက ကာမရာဂနဲ့ဆိုင်တယ်။ ကာမဆိုတာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိပေါ်မှာတွယ်တာတဲ့တဏှာ အနာဂါမ်မှာပြုတ်မယ်၊ ရူပတဏှာ၊ အရူပတဏှာ၊ အဲဒါဘယ်မှာပြုတ်မလဲ ရဟန္တာမှာ ပြုတ်မယ်၊ အဲဒီလို အဆင့်ဆင့်နဲ့ကျမှ ပြုတ်ပါလိမ့်မယ်။

## မှန်မှာပုံရိပ်ပေါ်သလို

သညာဆိုတာက အကြောင်းတိုက်ဆိုင်မှပေါ်တာ အကြောင်းကင်းတာနဲ့ ချုပ်ပျောက်သွားတာ၊ အဲဒါဘာနဲ့တူလဲဆိုတော့ မှန်ကြည့်သလိုဘဲ၊ မှန်နဲ့အကြောင်းတိုက်ဆိုင်ရင် မှန်ထဲမှာ ပုံရိပ်ပေါ်တယ်၊ အကြောင်းကင်းတာနဲ့ ပုံရိပ်ရှိ သေးလား။ မရှိတာက အကြွင်းအကျန်မရှိ လုံးဝချုပ်ပျောက်သွားတာ။ မှန်ထဲ

ပုံရိပ်ပေါ်အောင် ကိုယ်ဘာလုပ်ပေးစရာ လိုလဲ ဘာမှ မလုပ်ရဘူး။ မှန်နဲ့ မျက်နှာချင်းဆိုင်တာနဲ့ မှန်ထဲမှာ ပုံရိပ်ဆိုတဲ့ အကျိုးတရားက သူ့သဘောသူဆောင် ပေါ်ပြီးသား အနတ္တာပဲ။ မှန်ကြည့်တတ်ရင် အနတ္တာ သဘောဖြစ်နေပြီ။ နှလုံးသွင်းတတ်ရင် နေရာတကာမှာ အနတ္တာ ရှုထောင့်ကနေ လိုက်ပြီးနှလုံးသွင်း တတ်လာမယ်။ အခုတော့ မှန်ကြည့်တယ်၊ ငါ့ရုပ်လေးက ဘယ်လိုနေလဲ လောဘနဲ့ကြည့်တာလေ၊ သတိနဲ့ မကြည့်တတ်သေးဘူး။

## အသစ်ပေါ်တဲ့ပဋိစ္စသမုပ္ပါဒ်တရား

လယ်တီဆရာတော်ဘုရားကြီးက ပြောတယ်၊ မှန်ထဲပုံရိပ်က မှန်သားလဲမဟုတ်သလို မျက်နှာလဲ မဟုတ်ဘူး။ အသစ်ပေါ်လာတဲ့ တရားလေးမို့လို့ ပဋိစ္စသမုပ္ပါဒ်တဲ့။ ပဋိစ္စသမုပ္ပါဒ်ဆိုတာ အကြောင်း တရား(၂)ခု တိုက်ဆိုင်လို့ အသစ်တစ်ခုပေါ်လာ တာကို ပဋိစ္စသမုပ္ပါဒ် လို့ခေါ်တာ။ အသစ်ပေါ်လာ တဲ့ အာဂန္တုက သက်သက်ပဲ။ အနိစ္စသဘောကို ပြောချင်တာ။ အမြဲမရှိဘူး၊ အကြောင်းတိုက်ဆိုင် တုန်းပဲပေါ်တယ်။ အကြောင်းလဲကင်းသွားရော ရှိသေးလား။ ဘာကျန်လဲ ဘာမှမကျန်တော့ဘူး။

## ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်

ပဋိစ္စသမုပ္ပါဒ်ဆိုတာ စာလိုလဲသိရမယ်။ ခန္ဓာဉာဏ်ရောက်လဲ သိရမယ်။ အခု ကျွန်တော်ပြောလိုက်တဲ့ အသံနဲ့ နားနဲ့တိုက်တာအကြောင်းတရား၊ ကြားစိတ်ပေါ်တာက အကျိုးတရား၊ အကျိုးတရားက ကိုယ်နဲ့ဆိုင်လား။ သူ့သဘော သူဆောင်တာလား။ ဒါဆို ငါကြားတယ်လို့ ဘာလို့ဖြစ်နေရတာတုန်း၊ အနတ္တဆိုတာ ဒါပဲ။ မျက်စိနဲ့အဆင်းနဲ့တိုက်တယ် အကြောင်းတရား၊ မြင်စိတ်ပေါ်တာ အကျိုးတရား၊ အကြောင်းတရားပြည့်စုံရင် မျက်စိပိတ်ရာကနေ ဖွင့်ကြည့်လိုက် ကိုယ်ဘာမှ လုပ်ပေးစရာမလိုဘူး။ မြင်ပြီးသားဖြစ်နေတယ်။ မြင်တာ ကိုယ့်သဘောလား၊ သူ့သဘောသူဆောင်တာလား၊ ဒါဆိုရင် မြင်တာကို ငါမြင်တယ်လို့ ဘာလို့ထင်နေကြတာတုန်း၊ ငါ့အလိုနဲ့မှ မဆိုင်ဘဲနဲ့ ဖြစ်ပေါ်လာတဲ့အကျိုးတရားက သူ့သဘော သူဆောင်ပြီး အသစ်အသစ်တွေဖြစ်နေတာပါ။

### ကိုယ့်အလိုကြောင့်မဟုတ်၊ အကြောင်းစုံလို့အကျိုးဖြစ်တာ

ကျွန်တော်တို့က ငါမြင်တယ်၊ ငါကြားတယ်၊ ငါနဲ့ဆိုင်တယ်၊ ကိုယ့်အလိုအတိုင်း မြင်တယ်။

ကျွန်တော်တို့က ငါမြင်ချင်မြင်လို့ရတယ်။ ငါကြားချင် ကြားလို့ရတယ်၊ ငါထချင်ထလို့ရတယ်၊ ဒီလိုထင် နေတာ၊ ကိုယ့်အလိုအတိုင်းဖြစ် နေတာပဲ၊ အမှန်က အကြောင်းအကျိုးမှ မခွဲတတ်တာ၊ ကိုယ့်အလို အတိုင်းဖြစ်တာ မဟုတ်ဘူး။ အကြောင်းပြည့်စုံလို့ အကျိုးပေါ်နေတာ၊ အကြောင်းအကျိုး မခွဲခြားတတ်လို့ အနတ္တကိုမမြင်တာ၊ ကိုယ့်အလိုအတိုင်းဖြစ်တယ် ထင်တာ။ အနတ္တက ဒီလောက်ဆိုရင် သဘောပေါက် မှာပါ။ မြတ်ဗုဒ္ဓရဲ့ဝိပဿနာမှာလဲ ဒါကပါပြီးသားပါ၊

## သတိ-ဝီရိယ-သမာဓိထူထောင်ပါ။

ကိုယ်တိုင်သိဖို့ သတိ-ဝီရိယ-သမာဓိလိုတယ်။ သတိ-ဝီရိယ-သမာဓိရှိလာတဲ့အခါမှာ စိတ်က ကြည် လင်လာတယ်။ ဘုရားရှေ့မှာ တရားမှတ်တယ်။ သတိ ဝီရိယတည်ထောင်တယ်၊ သတိဝီရိယအစွမ်းကြောင့် သမာဓိဖြစ်လာတယ်။ ကိုယ်က သတိနဲ့ဝီရိယပဲအား ထုတ်တာ။ ဝင်လေထွက်လေအာရုံကို အောက်မေ့ တာသတိ၊ ဝင်လေထွက်လေအာရုံက ပြုတ်မကျ အောင် ဝီရိယက တွန်းတင်ထားရတယ်။ ဝီရိယမ ရှိရင် ဝင်လေထွက်လေအာရုံက ပြုတ်ကျပြီးတော့ ဒီပြင်အာရုံတွေ ရောက်ကုန်တယ်။ တချို့က ဘာလို့

စိတ်တွေပျံ့သလဲဆိုရင် သမာဓိမရှိလို့ ထင်ကြတယ်။ သမာဓိမရှိတာမဟုတ်သေးဘူး။ ဝီရိယမရှိတာ။ ဘာလို့လဲဆို ဝင်လေထွက်လေအာရုံက ပြုတ်မကျအောင် ဘာကထောက်ပံ့ ပေးထားရ တာတုန်း၊ ဝီရိယ အခုကျွန်တော်တို့ ဝီရိယမရှိကြောင်းပြောပြမယ်။

## စိတ်ပျံ့တာကိုမကြောက်နဲ့ ချက်ချင်းမသိမှာကြောက်

ဝင်လေထွက်လေအာရုံအောက်မေ့ပြီး သိပ်မကြာပါဘူး စိတ်ကထွက်သွားလိမ့်မယ်၊ ထွက်သွားတာကို မသိဘူး၊ တော်တော်လေးကြာမှ ငါတရားအားထုတ်နေပါလားဆိုပြီး သတိပြန်ဝင်လာတယ်၊ အဲ့ဒါဘာနဲ့တူလဲဆိုတော့ ဂိတ်စောင့်နေတဲ့ လူလို့ပဲ၊ ငိုက်နေရင် ဝင်မှန်းလဲမသိဘူး။ ထွက်မှန်းလဲ မသိဘူး။ ကျွန်တော်တို့ထဲမှာရှိတဲ့ သတိကဘာဖြစ် နေလဲဆိုတော့ ငိုက်နေတာ၊ ငိုက်နေတော့ ထွက်သွား လဲမသိဘူး။ သတိကို မငိုက်အောင် နောက်ကဝီရိယ တင်ထားရတယ်။ ဝီရိယတင်မှ သတိက ထထကြွကြွဖြစ်တာ။ ထထကြွကြွဖြစ်မှ ထွက်ရင်ထွက်မှန်းသိတယ်။ စိတ်ထွက်တာ စိတ်ပျံ့တာကိုမကြောက်နဲ့။ ချက်ခြင်း သိရင်ဘာရှိလဲ သတိနဲ့ဝီရိယရှိလာတယ်။

# အသံနောက်မလိုက်နဲ့

အသံတခုကြားပြီ၊ အခုခေတ်မှာ hand phone တွေရှိတော့ တရားအားထုတ်နေတုန်း hand phoneက မြည်ပါလေရော၊ မြည်လို့ရှိရင် ဝင်လေထွက်လေမှတ်တာကနေ အသံဆီရောက် သွားပြီး လူတွေကမသိတတ်ဘူး၊ တရားအားထုတ်တာတောင် ပိတ်ထားရကောင်းမှန်းမသိဘူး။ တရားသာအား ထုတ်နေတာ၊ ဒေါသဖြစ်နေတယ်။ ဟိုလူကို ဝေဖန်ပြစ်တင်နေပြီ၊ သူ့စိတ် ဒေါသဖြစ်ပြီး ကိလေသာ ဝင်နေတာ မသိဘူး။ အဲ့ဒါ ကိလေသာဖြစ်သွားပြီ ဒေါသဖြစ် သွားပြီ၊ ဒါဆို ချက်ချင်းဝင်လေထွက်လေကို ဝီရိယနဲ့ တင်းတင်းရင်းရင်း ရှုကြည့်၊ ရှုရင် အသံတော့ကြား နေမယ်၊ ခုနတုန်းကလိုတော့ မဝေဖန်တော့ဘူး။ အသံ တော့ကြားမယ်။ အသံတော့ပယ်လို့ မရဘူး။ အဲ့ဒီ ပေါ်က ဒေါသကိုတော့ပယ်တယ်၊ တရား အားထုတ် နည်းပြောပြတာ၊ တရားဆိုတာ ဘာအားထုတ်နေ လဲသိရတယ်။ ဒေါသကိလေသာကို ပယ်လိုက်တာ၊ ဝီရိယနဲ့ရှုန်းလိုက်တာ၊ ဝင်လေထွက်လေမှာ ဝီရိယ ထင်ပြီးတော့ရှုန်းလိုက်တာ၊ အသံတော့ကြားနေတယ်၊ ဒေါသကိလေသာ မဖြစ်တော့ဘူး။

## ကိုယ်နာပေမဲ့ စိတ်မနာနဲ့

တရားထိုင်လို့ကြာရင် နာလိမ့်မယ်။ နာလာလို့ရှိရင် သက်သာချင်တော့ပြောင်းမယ်၊ သက်သာချင်တာကလောဘ၊ ဟိုဘက်ပြောင်း ဒီဘက်ပြောင်း မသက်သာရင် ဒေါသဖြစ်လာတယ်။ မနှစ်သက်တော့ဘူး၊ တရားထိုင်ရတာကြာလာပြီ စိတ်ထဲက အချိန်စေ့တော့မလားလို့ မျက်စိက ခိုးကြည့်တယ်၊ အချိန်ကလိုသေးတယ်ဆိုရင် ငါတော့သွားပါပြီဆိုပြီး သောကဖြစ်တယ်။ ဒီတော့တရားထိုင်တာ လောဘ၊ ဒေါသ၊ သောကဖြစ်ပြီး ကိလေသာဝင်ပြန်ရော၊ ဒါဆိုရင် ဝင်လေထွက်လေကို ချက်ခြင်းပြန်လာ ဝီရိယနဲ့ရှုန်း လိုက်၊ ဝင်လေထွက်လေကို ဖိဖိစီးစီးနဲ့ ရှုလိုက်ရင် နာတော့နာနေတယ် ကိလေသာမဖြစ်တော့ဘူး။ ဝီရိယနဲ့ရှုန်းလိုက်တာ အဲ့ဒါကို ဝီရိယသံဝရလို့ ခေါ်တယ်။ ဝီရိယနဲ့ဘဲ စောင့်ရှောက်ရတာ။

## အာတာပီ-ပြင်းစွာသောဝီရိယ

ပထမအဆင့်က ဝီရိယပဲလုပ်ရတယ်။ အဲ့ဒါကိုသတိပဋ္ဌာန်မှာ အာတာပီလို့ခေါ်တယ်။ ပြင်းစွာလုံ့လ ဝီရိယ ရှိအောင် ကျင့်ရတယ်၊ ဝီရိယကိုမြတ်စွာဘုရားက အင်္ဂါ(၄)ပါးနဲ့ ဟောခဲ့တယ်။ အရိုးကြွင်းစေ၊

အကြောကြွင်းစေ၊ အရေပြားကြွင်းစေ၊ အသွေးအသား တွေခမ်းခြောက်ပစေ၊ ဒီလောက်ထိကျင့်ရမယ်လို့ ဟောကြားထားတာ၊ ဘယ်လောက် ဝီရိယအရေးကြီး တယ်ဆိုတာ။ မဟာသတိပဋ္ဌာနသုတ်မှာ အာတာပီ ဆိုတာ ပြင်းစွာလုံ့လဝီရိယရှိသည်ဖြစ်၍၊ ကိလေသာ တွေကို ဝီရိယက ပူပန်ခြောက်သွေ့စေတယ်၊ ဝီရိယနဲ့ ပဲ ကိလေသာတွေကို ပယ်နိုင်တယ်။ သတိနဲ့ဝီရိယလဲ ကောင်းလာရော ဝင်လေထွက်လေအာရုံကနေ သိတ်မပျံ့တော့ဘူး၊ ဝင်လေထွက်လေအာရုံပေါ် ကပ်တည်လာတော့ သမာဓိဖြစ်လာတယ်၊ သတိနဲ့ ဝီရိယအစွမ်းကြောင့် သူ့သဘောသူဆောင် ဖြစ်လာ တာ၊ သတိနဲ့ဝီရိယက အကြောင်းတရား၊ သမာဓိက အကျိုးတရား၊ ဒီလိုဖြစ်လာတယ် အကြောင်းအကျိုး အနတ္တကိုသင်ထားမှ ဒီလိုသိတာ၊ မသိလို့ရှိရင် သမာဓိ ကို ဒိဋ္ဌိ တဏှာနဲ့စွဲသေးတာပဲ၊ သမာဓိရလာရင် ငါ့ သမာဓိတော်တော်ကောင်းနေပြီလို့ထင်လာတယ်။

## အာရုံကောင်းနဲ့အာရုံဆိုး

ကျွန်တော်က အမေ့ကိုတရားဟောရတယ်။ အမေကအသက်ကြီးပြီ အသက်၈၀၊ အဖေက အသက်၈၆နှစ်၊ အများကြီးပြောလို့မရဘူး။ ကျွန်တော်

က အမေ့ကိုပြောတယ်။ အမေဈေးဝယ်ရင် ကောင်းတာနဲ့ ဆိုးတာ ဘာကိုရွေးလဲ ဆိုတော့ ငါ့သားရယ် ကောင်းတာကိုရွေးတာပေါ့၊ အမေဈေးဝယ်ရင်တော့ ကောင်းတာ ရွေးတတ်တယ်၊ အခုနေတဲ့ အခါကျတော့ အမေ ကောင်းတဲ့အာရုံလေးနဲ့ ဘာလို့ရွေးမနေတာတုန်း၊ ကျွန်တော်မေးပြီ ဘာပြုလို့လဲဆိုတော့ ငါသားမင်းညီမတွေက အမေ့ကိုဂရုမစိုက်ကြဘူး။ သူက အဲ့ဒီလိုပြောတာကို၊ ပြောတော့ကောင်းတဲ့ အာရုံနဲ့ ရွေးမနေဘူး။ လူတွေ ကပစ္စည်းဝယ်ရင်တော့ ကောင်းတာမရွေးဘူးလား၊ ကိုယ့်ဟာကိုယ်နေရင်တော့ ကောင်းတဲ့အာရုံကို ဘာလို့ရွေးမနေနိုင်တာတုန်း။ ဒါကြောင့် ဆရာတော်ကြီးတွေက မင်းတို့က လောကီလည်သလောက် လောကုတ္တရာမှာ အတယ်။

## သညာနဲ့သတိကိုအားကိုးမလွဲနှင့်

အဖေက ကျွန်တော်တို့ငယ်ငယ်ကတည်းက ဘုရားရှိခိုးဝါသနာပါတယ်။ အသံသြဇာလဲ သိပ်ကောင်းတယ်၊ အခု အဖေက (၈၆)နှစ် ဘုရာရှိခိုးတော့ မယ်ဆိုတော့ အစကိုမေ့နေပြီ၊ အဖေက သူ့သညာကို သိပ်အားကိုးတာ၊ ကုသိုလ်တွေဆိုတာ ပြန်အောက်မေ့ရမယ်ကွ။ သညာတွေအားကိုးတာ။ ဘုရားရှိခိုးမ

ရရင် စိတ်က ဒေါသဖြစ်နေတယ်။ ငါတသက်လုံးရှိခိုး
လာတာ ဘာကြောင့်ဒီလိုမေ့ရတာတုန်းဆိုပြီးတော့။
အဖေ ဝင်လေထွက်လေကိုမေ့လား၊ မမေ့ဘူးကွ
ဝင်လေထွက်လေကိုအောက်မေ့ရင် သတိရှိတယ်၊
သတိရှိရင် ကုသိုလ်ရတာပဲ၊ ဒါပေမဲ့ သညာကို
အားကိုးတယ် သတိကိုအားကိုးရမှန်း မသိခဲ့ဘူး၊
လှူတာတန်းတာတွေကို ကြည်ညိုနေမယ်။ ငါဘုရား
တွေရှိခိုးမယ်၊ သညာကို အားကိုးခဲ့တာ။ ဒါကြောင့်
သညာက အားမကိုးထိုက်ဘူး။ သတိကိုအားကိုးပါ။

## ကုသိုလ်နဲ့အကုသိုလ်ရောနေတယ်။

ဘုရားရှိခိုးရင် ကုသိုလ်သိပ်ရချင်တယ်။
ကုသိုလ်တွေရရင် ဘဝသမ္ပတ္တိတွေ ဘောဂသမ္ပတ္တိတွေ
ပြည့်မယ်။ အန္တရာယ်တွေ ကင်းမယ်၊ ဒီတော့ ကျွန်တော်
က ဘုရားရှိခိုးရင် အရဟံ သမ္မာသမ္ဗုဒ္ဓေါ ကိလေသာ
ကင်းစင်တော်မူသော မြတ်စွာဘုရားဆိုပြီး မဟာမြတ်
မုနိဘုရားကြီး၊ ရွှေတိဂုံဘုရားကြီး၊ ကျိုက်ထီးရိုး
ဘုရားကြီး၊ အာရုံယူရတာ ကုသိုလ်တွေအများကြီး
ရအောင်လို့၊ တစ်ရက်ကျတော့ ဒီလိုဘဲဘုရားကန်
တော့ရင်းနဲ့ သညာတွေပေါ်နေပါလား။ ဘုရားရှိခိုး
နေတာ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နောလို့

စိတ်ထဲကရွတ်နေရင်း နောက်ကသတိက အောက်မေ့လိုက်တာ အရဟံဆိုလိုက်တာနဲ့ အရဟံလဲဆုံးရော အရဟံသညာက မရှိတော့ဘူး ချုပ်သွားပြီး၊ သမ္မာသမ္ဗုဒ္ဓေါဆိုလိုက်ရော သမ္မာသမ္ဗုဒ္ဓေါသညာက ချုပ်သွားတယ်။ နောက်ကသတိက လိုက်အောက်မေ့နေတာ။ ပထမ ကျွန်တော်တို့က သတိကိုတည်ထောင်ရတယ်၊ နောက်တော့ သတိက ထားသတိမဟုတ်တော့ဘူး။ ရှိသတိဖြစ်သွားတယ်၊ သူ့ဟာသူရှိ သွားပြီ။ သူ့သဘောသူဆောင်ပြီ၊ နောက်ကလိုက် အောက်မေ့နေတယ်။ သတိက သူ့အလုပ်သူလုပ်နေတယ်။

အနတ္တဆိုတာ ဒါကိုပြောတာ၊ ပထမတော့ ဒီသတိကို ပုဂ္ဂလဗျာပါရအနေနဲ့ ထူထောင်ခဲ့ရတယ်။ သူ့ဟာသူ ဝင် အလုပ်လုပ်တော့ ဓမ္မဗျာပါရဖြစ်သွားပြီ၊ အရဟံ ဆိုပြီးရှိခိုးနေတာ သတိကဝင်ပြီး အောက်မေ့လိုက်တာ သညာပေါ်နေပါလားလို့။ သမ္မာသမ္ဗုဒ္ဓေါလဲဆိုပြီးရော အဲ့ဒီသညာမရှိတော့ဘူး၊ ဝိဇ္ဇာစရဏသမ္ပန္နောဆိုပြီးရော အဲ့ဒီသညာမရှိတော့ပြန်ရော။ အဲ့ဒီကျမှ ငါကုသိုလ်လိုချင်နေတာကလောဘ၊ ကုသိုလ်အကုသိုလ်(၂)ခု တွဲနေတာကနေ ပြုတ်ကျသွားတဲ့လောဘကြီးကို မြင်သွားတာ၊ လောဘပြုတ်

သွားပြီ၊ သညာတွေပေါ် နေပါလားဆိုတော့ အဲ့ဒီကျမှ ဘုရားကို ဓမ္မနဲ့ပူဇော်နိုင်တာဖြစ်သွားတာ။ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံပူဇေမိကို နားလည်သွားတယ်။

## မိဘနဲ့သားသမီး

သားသမီးတွေ ပြောဆိုမရဘူး။ အိမ်ပေါ်ကနှင်ချ အမွေဖြတ်မလုပ်နဲ့ ကိုယ်ကအကြောင်းတရားနဲ့ပဲ ဆိုင်တယ်။ ဆုံးမသင့်တာ ဆုံးမရမယ်၊ လိုက်နာတာ မလိုက်နာတာက သူ့အပိုင်း၊ သူ့မျိုးစေ့နဲ့သူပဲ။ ကိုယ်ကရေတော့ လောင်းပေး၊ သီးတာအပွင့် ပွင့်တာ ကသူ့အပိုင်း။ ကိုယ်ကသီးအောင်လဲ လုပ်မရဘူး၊ ပွင့်အောင်လဲ လုပ်မရဘူး။ ရေပဲလောင်းရမယ်။ ပေါင်း သင်ပေးလို့ရတယ်၊ ပိုးမကျအောင်စောင့် ရှောက်ပေး လို့ရတယ်။ အဲဒါအကြောင်းအကျိုးပဲ သားသမီး တွေကိုလဲ အနတ္တသဘောနဲ့ အဲဒီလိုမြင်သွားလိမ့်မယ်။

သူတို့ကလဲ သူတို့မျိုးစေ့နဲ့သူတို့လာတာ။ ကိုယ်ကဘာနဲ့ဆိုင်တာလဲဆိုတော့ ရေလောင်းတယ်၊ ပေါင်းသင်ပေးတယ်၊ မြေဩဇာကျွေးတယ်၊ ပိုးမကျ အောင်လုပ်ပေးတယ်။ မချစ်စု သရက်စေ့ကတော့ စိန်တစ်လုံးပင် တစ်သက်လုံးဖြစ်မှာ မဟုတ်ဘူး မမျှော်နဲ့။ မိဘတွေကတော့ စိန်တစ်လုံး ဖြစ်ချင်တယ်။

ဒါပေမယ့် သူ့မျိုးစေ့က မချစ်စုပါလာရင် ဖြစ်ချင်လို့ ရလား ကိုယ်ကရေလောင်းပေး၊ ပေါင်းသင်ပေး၊ မြေဩဇာ ကျွေးပေး၊ ပိုးမကျအောင် စောင့်ရှောက်ပေး၊ သူ့သဘောသူဆောင်ပြီး သူ့မျိုးစေ့က မချစ်စုပဲ သီးမှာဘဲ၊ ဒါပေမယ့် မချစ်စု ကောင်းကောင်းလေး ဖြစ်လာတယ်။ အဲလိုမြင်သွားရင် လွတ်မြောက်သွား တယ်။ သူနဲ့ပတ်သတ်ပြီးတော့လဲ သူ့သဘောသူ ဆောင်တယ် အနတ္တ။ ကိုယ်ကအကြောင်းတရား တော့ကင်းလို့ မရဘူး၊ ပစ်ထားလို့လဲမရဘူး။

ဒီလိုနားလည်ရင် ခွင့်လွှတ်တတ်လာတယ်။ စိတ်ချမ်းသာလာတယ်။ မေတ္တာထားနိုင်တယ်။ ကရုဏာထားနိုင်တယ်။ မုဒိတာတွေလည်းပွားနိုင် တယ်။ သူ့သဘောသူဆောင်တော့ ဥပေက္ခာဆိုတာ ပစ်ထားတာ မဟုတ်တော့ဘူး၊ ကိုယ့်မှာ သားသမီးနဲ့ ပတ်သတ်ပြီး လောဘတွေလဲ မဖြစ်တော့ဘူး၊ ဒေါသ တွေလည်း မဖြစ်တော့ဘူး။ ငြိမ်းလာတယ် ဥပေက္ခာ ဆိုတာ၊ မျက်နှာလွှဲခဲပစ် လုပ်တာမဟုတ်ဘူး။ အကြောင်းအကျိုးကို အနတ္တနဲ့မြင်သွားလို့ သိသွား တာ။ မိသားစုတွေမှာ ဆရာပြောတဲ့ အကြောင်း အကျိုးတွေကြောင့် အိမ်မှာတော်တော်အဆင်

ပြေသွားပြီ။ သားသမီးနဲ့ဆက်ဆံရတာ အဆင်ပြေ လာတယ်။ မဟုတ်ရင်သားသမီးနဲ့ ဆက်ဆံရတာ စကားများနေရတာပဲ။ ပြဿနာအမြဲဖြစ်နေရတာ။ ခုတော့ တရားကနဲနဲသိလိုက်တာနဲ့ ချမ်းသာတယ်။

## ဆရာနဲ့တပည့်

ဆရာကတပည့်တွေ စာသင်တယ်။ တပည့်တွေ တော်ရင် မြင်လား ငါသင်လိုက်တာ တော်ကုန်ကြပြီ၊ တော်တဲ့ အပေါ်မှာ ဆရာက အတ္တနဲ့အစိုးရနေတာ။ ညံ့ရင် ငါကသင်လိုက်ရတာ ဒီကောင်တွေအသုံးကို မကျဘူး။ ဒေါသဖြစ်နေတာ။ အနတ္တနဲ့ပြောပြမယ်၊ သင်ပေးတဲ့လူက အကြောင်းတရားနဲ့ပဲကျေးဇူးပြုတာ။ တပည့်တွေကသူ့သဘောသူဆောင်ပြီး ဉာဏ်တွေ ဖြစ်တာ၊ အကျိုးတရားက တစ်ယောက်နဲ့တစ်ယောက် လဲတူမှာမဟုတ်ဘူး။ သူ့သဘောသူဆောင်ပြီးဖြစ် နေတာ။ သူ့မျိုးစေ့နဲ့ သူ့ဓါတ်ခံနဲ့ သူ့ဉာဏ်ဖြစ်ကုန် တာလေ။ အဲဒါက အကျိုးတရား ကိုယ်နဲ့မဆိုင်ဘူး သူတို့တော်တာ မတော်တာ ကိုယ်နဲ့မဆိုင်ဘူး။ အဲဒါ ငြိမ်းတာပဲ။ ငါသင်ပေးလို့လဲမဟုတ်ဘူး။ ငါသင်မပေး လို့လဲမဟုတ်ဘူး။ ဘာမှမဖြစ်တော့ဘူး။ အကြောင်း အကျိုးနားလည်ရင် ကိုယ်ကတတ်နိုင်သလောက်တော့

ကျေးဇူးပြုပေးတာပဲ။ ကိုယ်လည်း ဒါပဲတတ်နိုင်တာ။ ဟိုဘက်ကလည်း သူ့သဘောသူဆောင်ကြဦးမှာလေ၊ ညာဘက်တွေကလည်း သူ့သဘောသူဆောင်ပြီးဖြစ်တာပဲ။ ငါ့အလိုတိုင်း မဖြစ်ရကောင်းလားဆိုရင် အနတ္တမမြင်တော့ဘူး အတ္တထဲကျသွားပြီ။

## ပရမတ်ရုပ်

ရုပ်ကိုဘယ်လိုကောက်လဲဆိုတော့ လက်ထိပ်လေးနဲ့ စားပွဲကို နဲနဲဖိကြည့် ထိကြည့်ပါ။ ထိကြည့်ရင် သမာဓိအတွက် မျက်စိပိတ်ထား။ လက်လဲမပေါ်ရဘူး၊ စားပွဲလဲမပေါ်ရဘူး၊ နောက်ကတွန်းတဲ့ တိုးတဲ့သဘော၊ စားပွဲကို လက်လေးနဲ့ ဖိကြည့် တွန်းတဲ့တိုးတဲ့သဘော ပေါ်တယ်၊ အဲဒါဝါယောပဲ တိုးတယ်၊ တွန်းတယ်ဆိုတာ တေဇောစွမ်းအင်မရှိဘဲ လှုပ်ရှားလို့ မရဘူး၊ လှုပ်တိုင်းမှာ တေဇောတစ်ပေါင်းတည်း ပါသွားတယ်။ ဒီတော့ ပူတဲ့လက္ခဏာကြီးကို ဥပါဒါန်နဲ့ တေဇောလို့ တစ်ခါတည်းကောက်တာ၊ ညာဏ်နဲ့ကောက်ရင် လှုပ်ရှားတိုင်းမှာလည်း တေဇောပါတယ်။ တေဇော မရှိဘဲ ဝါယောက လှုပ်လို့မရဘူး။ နောက်ကတွန်းတယ်ဆိုကတည်းက တေဇောပါသွားပြီ၊ ဘာနဲ့သိရလဲ၊ ညာဏ်နဲ့ပဲသိရတယ်။ နောက်ကတွန်းလိုက်တာနဲ့

လက်ထိပ်မှာ မာတဲ့သဘောလေး ပြောင်းလဲမသွားဘူးလား။ မာတဲ့သဘောလေး ပြောင်းလဲသွားတာက ပထဝီ။ တွန်းတာကဝါယော၊ တွန်းနိုင်အောင်လုပ်ပေးတာက တေဇော၊ အဲဒီပထဝီ၊ တေဇော၊ ဝါယော (၃)ခုကို တစ်ပေါင်းတည်းဖြစ်အောင် ပေါင်းစည်းပေးတာကအာပေါ၊ တွန်းကြည့် တစ်ပေါင်းတည်းဖြစ်နေတယ်။ မျက်စိမှိတ်လိုက်ရင် လက်လဲပျောက်၊ စားပွဲလဲပျောက် ဓာတ်လေးပါးရောက်သွားတယ်။

## လက္ခဏာကိုဆင်ခြင်ရတယ်

ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ရုပ်တရားပေါ်လာတယ်၊ ဘယ်မှာပေါ်လဲ ဓမ္မာရုံမှာ အာရုံအနေနဲ့ နှလုံးသွင်း ဆင်ခြင်မှ ရုပ်ပေါ်လာတယ်။ ရုပ်တရားကို ဒီလိုပဲကောက်ရတာဘဲ။ စားပွဲတွေ လက်တွေကို ရုပ်လို့ သညာသိနဲ့ သွားကောက်လို့ မရဘူး။ ပထမပိုင်းမှာ ကျွန်တော်တို့က ရုပ်ကိုတိုက်ရိုက် မကောက်နိုင်သေးဘူး။ ဆင်ခြင်ရသေးတယ်၊ ဒေသနာအတိုင်း လက္ခဏာတွေကိုဆင်ခြင်ရဦးမှာ။ ပြီးမှရုပ်လို့ ဉာဏ်ကဆုံးဖြတ်ချက်ချမှာ။ ပထမပိုင်းတွေမှာ အဲလိုပဲ ဆင်ခြင်ပြီးကောက်ရတာ။ ဓမ္မာရုံမှာပဲ လက်တွေ၊ စားပွဲတွေပျောက်ပြီး ရုပ်ပေါ်လာတာ။

ထိနေတုန်းပဲ ဉာဏ်နဲ့လက္ခဏာကိုဆင်ခြင်ပြီး ရုပ်ကို ကိုယ်ပိုင်ဆုံးဖြတ်နိုင်အောင် ကောက်ရတာပါ။ ပိုင်ပိုင် နိုင်နိုင် ဉာဏ်နဲ့ မဆုံးဖြတ်နိုင်သေးရင် (သညာသိ)နဲ့ပဲ ရုပ်ဆိုပြီး လုံးသိနေအုံးမှာပါပဲ။

## ဖြစ်ကြောင်းချုပ်ကြောင်းနဲ့ ဖြစ်ခြင်းချုပ်ခြင်း

ဒီလိုဘဲ ပထမပိုင်းမှာ စပြီးတော့ ဘာသိလာလဲဆိုတော့ ဖြစ်ကြောင်းနဲ့ချုပ်ကြောင်း, နောက်မှ ဖြစ်ခြင်း ချုပ်ခြင်းကို သိလာတာ၊ ချက်ချင်းမသိနိုင်သေးဘူး။ အခုက ဖြစ်ခြင်းပျက်ခြင်းဆိုတဲ့ ဖြစ်ပျက်တွေ တအားမြင်ချင်တာ။ ကိုယ်က ဖြစ်ကြောင်း၊ ချုပ်ကြောင်းတောင် မသိမ်းဆည်းနိုင်သေးဘူး။ ဉာဏ်က ပရမတ်တရားတွေဟာ အကြောင်းတိုက်ဆိုင်ရင် ဖြစ်ပေါ်တယ်၊ အကြောင်းကင်းရင် ချုပ်ပျောက်တယ်ဆိုတဲ့ ဖြစ်ကြောင်း၊ ချုပ်ကြောင်းကိုမသိဘဲနဲ့ ဖြစ်ခြင်း၊ ချုပ်ခြင်းကို မသွားသေးပါနဲ့။ ကျွန်တော်ပြောတာ၊ ခြေထောက်လဲပျောက်၊ ကြမ်းလဲပျောက်၊ (၂)ခုတိုက်ဆိုင်ရင် ထိမှုဆိုတဲ့ (တတိယ)တစ်ခုပေါ်တယ်၊ အကြောင်းကင်းတာနဲ့ ထိမှုဆိုတဲ့ တတိယတစ်ခုမရှိတော့ဘူး။ မနောဝိညာဏ်သိဖြစ်တဲ့ ဉာဏ်ရဲ့အာရုံ အနေနဲ့ပဲ သိခွင့်ရတာပါ။

## သမာဓိနဲ့ကွက်ကြားကောက်မှု

သမာဓိက ဘယ်လောက်လိုလဲဆိုတော့ လက်ပျောက်၊ စားပွဲပျောက်၊ မျက်နှာသစ်တယ်ဆိုရင်၊ လက်လဲပျောက်၊ မျက်နှာလဲပျောက်၊ ခြေထောက်နဲ့ကြမ်းထိတယ်ဆိုရင် ခြေထောက်လဲပျောက်၊ ကြမ်းလဲပျောက်၊ အဲဒီလောက်တော့လိုပါတယ်။ အဲဒီလောက် သမာဓိမရှိဘဲနဲ့တော့ ပညတ်တွေကို မကျော်နိုင်ဘူး။ ကျွန်တော်လက်သုတ်တယ်ဆို လက်တွေမပေါ်ဘူး။ ထိတာလေးတွေပဲပေါ်တာ။ သတိရဲ့အာရုံမှာ ထင်ရှားနေတာ။ ဉာဏ်ထဲမှာ သတိကရှေးရှုထင်ရှားသွားတာ။ ထိတာတွေကလည်း အကြောင်းတိုက်ဆိုင်တုန်းပေါ်တယ်၊ အကြောင်းကင်းတော့မရှိတော့ဘူး ချုပ်ပျောက်ကုန်တာ၊ အဲလိုမြင်လာတာ၊ တရားဆိုတာ အဲဒီကျမှ ဖြစ်ကြောင်း ချုပ်ကြောင်းကနေ ဖြစ်ခြင်းချုပ်ခြင်းဆိုတဲ့ ဝင်လေထွက်လေမှာ ထိတာတွေက ဖြစ်တိုင်းချုပ်ပျောက်နေပါလား၊ အဲဒီအတိုင်းအကုန်မြင်လာမှာပါ။

# “နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ”

ဒီနေ့ ဘာပြောမှာလဲဆိုတော့ ဝင့်(၃)ပါးကို ပြော မှာပါ။ ပဋိစ္စသမုပ္ပါဒ်ကို ဝဋ်(၃)ပါးခွဲပြီးတော့ ဝိပ သာနာရဲ့သဘောဟာ ဘာလဲဆိုတာ ပြောကြား ဆွေးနွေးမှာပါ။ ဝိပဿနာဆိုတဲ့ တရားအား ထုတ်ခြင်း သည် မဂ္ဂင်တရားပွားများ အားထုတ်ခြင်းပင် ဖြစ်ပါ သည်တဲ့။ မဂ္ဂင်တရားတို့တွင် သတိ၊ ဝီရိယ၊ သမာဓိ ထူထောင်မှု အပိုင်းသည် အဓိကကျပါသည်။ သတိ၊ ဝီရိယ၊ သမာဓိအားကောင်းလာသောအခါ ရုပ်နာမ် အကြောင်းအကျိုးတို့ကို မှန်ကန်စွာကြံစည်ခြင်း သမ္မာသင်္ကပ္ပလုပ်ရပါသည်။ ပုဂ္ဂိုလ်သတ္တဝါလွတ် အောင် မှန်ကန်စွာကြံစည်နိုင်မှ သမ္မာဒိဋ္ဌိ ဖြစ်လေ သည်။ ယင်းသမ္မာဒိဋ္ဌိ အမြင်ဖြင့် မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင် ရုပ်နာမ် အကြောင်းအကျိုး အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာတို့ကို ပွားများရခြင်းဖြစ်သည်။

ထို့ကြောင့် ဝိပဿနာတွင် သမ္မာဒိဋ္ဌိအမြင်ဖြစ်သည့် သတ္တဝါမရှိသောအသိသာ လိုရင်းဖြစ်ပါသည်။

## သတ္တဝါမရှိသောအသိ

ဝိပဿနာဆိုတာ သတ္တဝါမရှိဘူးဆိုတဲ့ အသိသာလိုရင်းဖြစ်တယ်။ ကျွန်တော်တို့ အဲလိုသိသွားမှ သမ္မာဒိဋ္ဌိ ဖြစ်မှာ။ သတိ၊ ဝီရိယ၊ သမာဓိတွေ တည်ထောင်၊ တည်ထောင်တော့ သတိတွေအားကောင်းလာတယ်၊ ဒီသတိ တွေကနေပြီး ရုပ်နာမ်ပရမတ်တွေကို ရွေးရှုပြီး ဉာဏ်မှာ တင်ပေးပါတယ်။ အဲဒါတွေကို သမ္မာသင်္ကပ္ပ လုပ်ရပါတယ်။ ရုပ်နာမ် အကြောင်း အကျိုး အနိစ္စအနတ္တသဘောတွေကို သိမြင်ပြီး သမ္မာဒိဋ္ဌိဆိုတဲ့ သတ္တဝါမရှိသောအမြင်တစ်ခုကို ဉာဏ်ကဆုံးဖြတ်ချက်ကျသွားပါတယ်။ ဉာဏ်က သိသွားမှ သတ္တဝါသဘောမပါတဲ့အသိနဲ့ မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့မှာ နှလုံးသွင်းအားထုတ်ရတာပါ။

## သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်ရန်

တရားအလုပ် အားထုတ်ရာမှာဖြစ်စေ၊ ရှင်ပဉ္စင်းဝတ်ရာမှာဖြစ်စေ၊ သီလရှင်ဝတ်ရာမှာဖြစ်စေ၊ ရည်ရွယ်ချက်မှာ "သံသာရ ဝဋ္ဋဒုက္ခတော မောစနတ္ထာယ" ဟူသော သံသရာဝဋ်ဆင်းရဲ ဒုက္ခမှ လွတ်မြောက်

ရန်အတွက် ဖြစ်ပါသည်။ သံသရာဝဋ်ဆင်းရဲဆိုသည်မှာ ဝဋ်သုံးပါးလည်နေခြင်းပင်ဖြစ်သည်။

သမ္မုတိနယ်တွင် ဝဋ်လည်သည်ကို သူကကိုယ့်ကိုနိုင်လျှင် သူတော့တစ်ချိန်ပြန်ခံရမှာပဲဟု သိခြင်းဖြစ်သည်။ ပရမတ်နယ်တွင် ဝဋ်လည်ခြင်းမှာ ဝိပါကဝဋ်၊ ကိလေသဝဋ်၊ ကမ္မဝဋ်ဆိုသော ဝဋ်သုံးပါးလည်ခြင်းဖြစ်သည်။ ယင်းကို အောက်ပါဇယားဖြင့် သိမြင်နိုင်ပါသည်။

| ဝိပါကဝဋ် | ကိလေသဝဋ် | ကမ္မဝဋ် |
|---|---|---|
| မြင်-တွေး | စွဲလမ်းမှု | အားထုတ်မှု (ကံ) |
| သတ္တဝါ | ဥပါဒါန် | ကာယကံ (သီလ)<br>ဝစီကံ (သီလ)<br>မနောကံ (သမာဓိ) |
| နာမ်ရုပ် | သတိ (ပညာ) | စေတနာ |

ဝဋ်(၃)ပါးဆိုတာ အခက်ကြီးလားဆိုတော့ မခက်ပါဘူး။ မြင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်။ မြင်တာက ဝိပါက၊ စွဲလမ်းတာက ကိလေသ၊ အားထုတ်တာ ကမ္မ၊ ဝဋ်(၃)ပါးဆိုတာ အခက်ကြီး မဟုတ်ပါဘူး။ ကျွန်တော်တို့ နေ့စဉ်ဖြစ်နေတာဝဋ်လည်

နေတာပါပဲ။ ဒါပေမဲ့ ဝဋ်လည်တယ်လို့မသိဘူး။ ကြားတယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်၊ ဒါဆို ဝဋ်လည်ပြီ။ စားတယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်၊ မွှေးတယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်။ ထိတယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်။ တွေးတယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်။ အဲဒါ ဝဋ်လည်သွားတာပဲ။

ကျွန်တော်တို့ နေ့စဉ်ပဲ မြင်တာတွေ အပေါ်မှာ စွဲလမ်းတယ်၊ စွဲလမ်းပြီး အားထုတ်ကြတာပဲ။ မြင်တယ်ဆိုတာက ဘယ်လိုမြင်တာလဲ။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်ဝတ္ထုအနေနဲ့ဘဲ မြင်တာပဲ။ စွဲလမ်းတယ်ဆိုတာက ဥပါဒါန်နဲ့ စွဲလမ်းနေတယ်။ အားထုတ်တယ်ဆိုတာက ကာယကံ၊ ဝစီကံ၊ မနောကံနဲ့အားထုတ်တယ်။ မြင်တာတွေပေါ်မှာ ဒီပစ္စည်းက လှလိုက်တာ၊ ဘယ်ကဝယ်တာတုန်း။ မြင်တဲ့အပေါ်မှာလှလိုက်တာဆိုပြီး နှစ်သက်သွားတယ်။ စွဲလမ်းသွားတယ်။ ဘယ်ကဝယ်တာတုန်း၊ ပြောစမ်းပါအုံး ဆိုပြီးတော့ ဝစီကံနဲ့အားထုတ်တယ်၊ အဲဒါ ဝဋ်(၃) ပါးလည်နေပြီ။ ဝဋ်ကတော့ လည်သွားပြီ။ ပဋိစ္စသမုပ္ပါဒ်လည်သွားပြီ။ ကျွန်တော်တို့ဒါကို ပဋိစ္စသမုပ္ပါဒ် လည်သွားတယ်လို့တော့ မသိဘူး။

## ယပ်တောင်ခပ်တာနဲ့ပဋိစ္စသမုပ္ပါဒ်

မနေ့တုန်းက တရားပွဲပြီးတော့ စကားပြောရင်း ပူတယ်၊ အိုက်တယ်ဆိုတော့ ယပ်တောင် ခပ်တယ်။ ပူတယ်၊ အိုက်တယ်ဆိုတာ ဒုက္ခဝေဒနာ၊ မကြိုက် ဘူးလေ၊ ဒီတော့ယပ်တောင်ခပ်တော့ အေးသွား တယ်။ အေးတာကရုပ် ဒီရုပ်ကကျေးဇူးပြုတော့ သုခဝေဒနာပေါ်တယ်၊ အဲဒါကိုတဏှာဥပါဒါန်နဲ့ စွဲပြီး ကာယကံနဲ့ ယပ်တောင်တစ်ချက် ခပ်လိုက် တယ်။ နှစ်သက်သွားတယ်။ နှစ်သက်သွားရင် နောက်တစ်ချက် ထပ်ခပ်တယ်။ အဲဒါ ဥပါဒါန ပစ္စယာ ကမ္မဘဝ၊ နောက်တစ်ချက် ထပ်ခပ်လိုက်တာနဲ့ ပဋိစ္စသမုပ္ပါဒ် နောက်တစ်ပတ်လည်သွားပြီ၊ ယပ် တောင်ခပ်တိုင်း ပဋိစ္စသမုပ္ပါဒ်လည်နေတယ်။

ဒီအေးတာကပေးတဲ့ သုခဝေဒနာပေါ်မှာ အေးတာကရုပ်၊ ဒီရုပ်ကိုစွဲမှီပြီး သုခဝေဒနာဖြစ်၊ အဲဒီပေါ်မှာ တဏှာဥပါဒါန်ဆိုတာဖြစ်တော့ နောက် တစ်ချက်ထပ်အားထုတ်တယ်။ ကာယကံနဲ့အား ထုတ်တယ်။ တစ်ချက်ခပ်၊ တစ်ချက် ပဋိစ္စသမုပ္ပါဒ် လည်။ တချက်ခပ်၊ တချက်ပဋိစ္စသမုပ္ပါဒ်လည်။ ဩော်ယပ်တောင်ခပ်ပြီး ပဋိစ္စသမုပ္ပါဒ်လည်နေတာ

ကျွန်တော်တို့မသိဘူး။ ဘာဖြစ်လို့လဲ သတိမရှိလို့၊ နှလုံးမသွင်းတတ်လို့၊ ခက်လား၊ မခက်ဘူး။ နှလုံးသွင်းရမဲ့နည်းလမ်းသိရင် သတိရှိရင်သိပ်မခက်ဘူး။ ယပ်တောင်မခပ်ရဘူး မဟုတ်ဘူး။ ခပ်ပါ၊ ယပ်တောင်လည်းခပ်၊ ဩော် ဒီမှာ အေးတာရုပ်၊ ဒီပေါ်မှာ ဝေဒနာပေါ်နေတယ်။ သုခဝေဒနာနဲ့ နှစ်သက်နေ တယ်။ စွဲလမ်းနေတယ်၊ အားထုတ်နေတယ်၊ ဒါပဋိစ္စသမုပ္ပါဒ်လည်နေတာပဲ။ ပုဂ္ဂိုလ်သတ္တဝါမဟုတ်တော့ဘူး။ ငါမဟုတ်တော့ဘူး။ ငါလို့မယူတော့ဘူး။ ပုဂ္ဂိုလ်သတ္တဝါ အသိကျော်သွားပြီ။ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပြီ။

## ဒိဋ္ဌိနဲ့ကိလေသဝဋ်

ရုပ်နာမ်ပေါ်နေတာတော့သိပြီ။ ဒီပေါ်မှာ တဏှာ၊ ဥပါဒါန်၊ ကံဆိုတော့ တဏှာတော့ မပြုတ်သေးဘူး။ ရုပ်နာမ်သိတဲ့အတွက် ဘာပြုတ်နေလဲဆိုတော့ ဒိဋ္ဌိကိုအသိနဲ့ပြုတ်နေတယ်။ သတ္တဝါလို့တော့ မယူတော့ဘူး။ ဓမ္မကိုတော့မြင်သွားတယ်။ အခုဟာက သတ္တဝါလို့ယူပြီး ယပ်တောင်ခပ်နေလို့တော့ မရဘူး။ သတ္တဝါအယူကမပြုတ်ဘူး။

နှလုံးမသွင်းဘဲနဲ့တော့ အသိနဲ့တောင် ဒိဋ္ဌိမပြုတ်ဘူး။ ဝိပဿနာ အားထုတ်တယ်ဆိုတာက

သတ္တဝါအယူမရှိအောင် အားထုတ်မှာ။ ဒီမှာ တရားအားထုတ်တယ်ဆိုတာ ဘာလို့လဲ ကျွန်တော်မေးကြည့်တယ်လေ။ တရားအားထုတ်တာကြာပြီလား၊ ကြာပါပြီဆရာရယ်၊ ဘယ်လိုနေလဲ၊ လောဘလေးတော့ နဲနဲလာပြီ၊ ဒေါသလေးလဲ ထိန်းနိုင်ပါပြီ။ သြော် သူက ဒါလာပြောနေတာ၊ သတ္တဝါအသိတွေ နဲနဲပါးလာပြီ၊ လွတ်လာပြီလို့ ဒီလိုမပြောတတ်ဘူး။ သူက တရားအားထုတ်တာ လောဘ၊ ဒေါသပယ်ဖို့ချည်း ထင်နေတာ။ အဲဒါက အကြောင်းရင်းမဟုတ်ဘူး။

ဝိပဿနာဆိုတဲ့ အကြောင်း အရင်းက သတ္တဝါအသိပယ်တာကို သဘောမပေါက်ဖူး။ ဒါလေးကို ဆက်ပြီး ဖတ်ပြပါအုံးမယ်။ ဝိပါကဝဋ္ဋသည် မြင်မှု၊ ကြားမှုစသည်တို့ဖြစ်၍ ကိလေသဝဋ္ဋဟူသော စွဲလမ်းမှုကြောင့် အားထုတ်မှု (ကံ)ဖြစ်၏။ ထို့ကြောင့် မြင်၊ စား၊ နံ၊ ကြား၊ ထိ၊ တွေးတို့တွင် စွဲလမ်းမှုဖြစ်ပေါ်ပြီး ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် အားထုတ်မှု (ကုသိုလ် အကုသိုလ်ကံ)တို့ ဖြစ်ပေါ်နေခြင်းသည် ဝဋ္ဋ(၃)ပါး လည်နေခြင်း ဖြစ်ပါသည်။ ထိုကံတို့ကြောင့် နောက်ဘဝ နောက်ခန္ဓာတို့ တဖန်ဖြစ်ရပါသည်။ ထိုအခါ နောက်ဘဝ၌လည်း မြင်၊ ကြား၊ နံ၊ စား၊ ထိ၊

တွေးတို့တွင် စွဲလမ်းမှု၊ အားထုတ်မှု (ကံ)တို့ ဖြစ်ပေါ်ကြပြန်ပြီး သံသရာ ဝဋ်လည်ကြပြန်ပါသည်။

ဒါဝဋ်လည်တဲ့ သဘောကို ပြောပြတာ။ ဒီဝဋ်(၃)ပါးလည်တာ အခက်ကြီးမဟုတ်တော့ဘူး။ မြင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်။ ဒါဝဋ်(၃)ပါးလည်နေတာဘဲ။ ပဋိစ္စသမုပ္ပါဒ် လည်နေတာဘဲ။

## သီလ၊ သမာဓိ၊ ပညာ

သီလသည် ကာယကံနှင့် ဝစီကံတို့ကို စောင့်ရှောက်ခြင်းဖြစ်၍ သမာဓိသည် မနောကံကို စောင့်ရှောက်ပါသည်။ သီလ၊ သမာဓိတို့သည် ကမ္မဝဋ်တွင် ဖြစ်ပေါ်နေသော ကာယ၊ ဝစီ၊ မနောတို့ကို စောင့်ရှောက်ခြင်းဖြစ်သည်။ ဘုရားရှင် ဟောကြားတော်မူသော ဝိပဿနာပညာသည် ကိလေသဝဋ်ကို ပယ်ရခြင်းဖြစ်ပါသည်။

ကာယကံနဲ့ ဝစီကံကို သီလနဲ့ စောင့်ထိန်းရတယ်။ မနောကံကို သမာဓိနဲ့ စောင့်ထိန်းတယ်။ စိတ်ထဲမှာ လောဘတွေဖြစ်လာတယ်။ ဒေါသတွေဖြစ်လာတယ်ဆိုရင် ဝင်လေထွက်လေလေးမှတ်၊ အရဟံ အရဟံဆိုတဲ့ ဂုဏ်တော်တွေရွတ် အဲဒီလို သမထနဲ့ လုပ်လိုက်လို့ရှိရင် စိတ်မှာဖြစ်ပေါ်တဲ့

လောဘ၊ ဒေါသတွေ ငြိမ်းသွားပါလိမ့်မယ်။ ဒီတော့ ကျွန်တော်တို့က ကမ္မဝဋ်မှာပါတဲ့ လောဘ၊ ဒေါသ၊ မောဟဆိုတာက သီလနဲ့ သမာဓိနဲ့ ပယ်လို့ရပါတယ်။

ဝိပဿနာတွင် ကမ္မဝဋ်ကို ဖြစ်စေတဲ့ အကြောင်းကိလေသဝဋ်ရှိတယ်။ အဲဒါက အဝိဇ္ဇာ တဏှာ ဥပါဒါန်လို့ စာပေကဆိုတယ်။ လက်တွေ့မှာ သတ္တဝါလို့စွဲလမ်းနေတဲ့ သဘောတွေ၊ သတ္တဝါလို့ သိလိုက်တာနဲ့ သတ္တဝါနဲ့ပတ်သက်တဲ့ လောဘ၊ ဒေါသ၊ မောဟပါလာတာပဲ။ သတ္တဝါအသိကို ပယ်လိုက်တာနဲ့ လောဘ၊ ဒေါသ၊ မောဟ တခါထဲပြုတ်သွားတာပဲ။ ဝိပဿနာဆိုတာက သတ္တဝါအသိကို ပယ်ဖို့သာ လိုရင်းဖြစ်ပါတယ်။

## အရှိကိုအရှိအတိုင်းသိပါ။

ဝိပဿနာဆိုတာ ဘယ်လိုနှလုံး သွင်းရတာလဲ။ သတ္တဝါ အသိမပါအောင် ဘယ်လိုအား ထုတ်မှာတုန်း။ ကျွန်တော်ပြောပြမယ်။ ပြောတဲ့အခါ တော်တော်ခက်လို့ မြန်မာလိုမသင်ရဘဲ အင်္ဂလိပ် လိုတောင် သင်ပေးရတယ်။ ဘယ်လိုသင်ရလဲဆိုရင် dog (ဒေါ့) ဆိုရင် နားက ဒေါ့ပဲကြားတယ်။ ခွေးလို့မသိဘူး။ ခွေးကိုဘယ်ကသိတာတုန်းဆိုရင် မနောကသိတာ၊

နားမှာ ဒေ့ါဆိုရင် ဒေ့ါပဲကြားတယ်။ နားမှာ သတ္တဝါ အသိမရှိဘူး။

နားမှာ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ဆိုတဲ့ ကိလေသဝဋ်မရှိဘူး။ မနောရောက်မှ ဒေ့ါဆိုတာ နှုတ်သီးရယ်၊ ခြေလေး ချောင်း ရယ်၊ အမြီးရယ်ပေါ်တာ၊ ဒီတော့ မနောကံဖြစ်သွားပြီ။ မနောကံဆိုတာက ကမ္မဝဋ်ထဲရောက်သွားပြီ။ နားက ကြားတယ်။ မနောကသိတယ်။ နားကကြားရုံပဲ ကြားတယ်။ 'ဒေ့ါဆို ဒေ့ါ'ပဲ အပိုမသိဘူး။ သတ္တဝါခွေးလို့မသိဘူး။ ကိုယ့်ဟာကိုယ် သေချာ နှလုံးသွင်းကြည့်ပါ။ နားမှာ သတ္တဝါအသိမရှိဘူး။ အဲဒါ ဝိပါကဝဋ်လို့ခေါ်တယ်။ နားမှာအသံကရုပ် ကြားစိတ်ကနာမ်၊ နားမှာ ဘာပဲပေါ်လဲ ရုပ်နာမ်၊ ရုပ်နာမ်ဆိုတာ ဝိပါကဝဋ် အကျိုးတရားပဲ ကြားတယ်၊ ကြားတယ်ဆိုတာ နာမ်ရုပ်ပဲ။ အသံကိုကြားတာ။ အသံကရုပ်၊ ကြားတာကနာမ်၊ နားမှာကြားတဲ့သဘောကလွဲလို့ ဘာမှမသိဘူး။ မနောကျမှ သတ္တဝါခွေးလို့သိတဲ့အတွက် မနောမှာ ကိလေသဝဋ်ပါသွားတာပါ။

မနောမှာ ကိလေသဝဋ်ဘာကြောင့်ဖြစ်ရတာတုန်း။ ဥပါဒါန်ကြောင့်ဖြစ်တာ။ ဥပါဒါန်က ဒေ့ါလို့

ကြားလိုက်တာနဲ့ သတ္တဝါအသိကြီးပေါ်သွားပြီ။ အဲဒီမနောမှာ သတိရှိရင် နားမှာဒေါ့ဆိုရင် အသံနဲ့ သိတာပဲ။ နာမ်ရုပ်ပဲလို့ သတိနဲ့ မှန်စွာအောက်မေ့ နိုင်ရင် သမ္မာသတိ၊ သမ္မာဆိုတာမှန်စွာ၊ သတိက အောက်မေ့တာ မနောမှာ သတိလည်းရှိရော၊ နားမှာ ပေါ်တဲ့အတိုင်း နာမ်ရုပ်လို့သိလိုက်တာနဲ့ သတ္တဝါ အသိပယ်ပြီးသား ဖြစ်သွားပြီ။ ကိလေသဝဋ်ချုပ်၊ ကမ္မဝဋ်ချုပ်၊ မနောမှာ သတ္တဝါအသိ ကိလေသဝဋ် မပေါ်တော့ဘူး။ နာမ်ရုပ်လို့ပေါ်သွားတာ။ မနောမှာ နာမ်ရုပ်လို့ နှလုံးသွင်းတာနဲ့ ဘာချုပ်တုန်း ကမ္မဝဋ် ပါချုပ်သွားတယ်။ ကိလေသဝဋ်ချုပ်တော့ ကမ္မဝဋ် ပါချုပ်သွားတယ်။

## မျက်စိက စာမဖတ်ပါ၊

ဝိပဿနာ အားထုတ်ရင် မျက်စိနဲ့မနောလည်း ခွဲသိပါ။ စာတွေဖတ်ကြည့်ပါ။ မျက်စိက ကကြီးခခွေး မသိဘူး။ နောက်က မနောက လိုက်ပြီးစာတွေ ဖတ်တာ။ မျက်စိကစာမဖတ်တတ်ဘူး။ မျက်စိကမြင် ပေမယ့် မနောကစာမဖတ်ရင် မသိတော့ဘူး။ ဒါပေမဲ့ မျက်စိကတော့ မမြင်လို့မရဘူး။ မျက်စိကမြင်တယ်၊ မနောကသိတယ်။ စာဖတ်တာကိုဆင်ခြင်ကြည့်၊

မျက်စိနဲ့ မနောကွဲလာလိမ့်မယ်။ ဝိပဿနာရဲ့ အခြေခံတွေက ဒီ(၂)ခု မကွဲလို့မရဘူး။ မျက်စိကမြင်တယ်၊ မနောကသိတယ်။ ကကြီးခခွေးကိုသိတာ မနောက သိတာ။ မျက်စိက မသိဘူး။ ဂရုစိုက်ကြည့်ပါ။

## နားက(ရုပ်) အသံကိုသိတာက(နာမ်)

ကျွန်တော်တို့မှာ dog "ဒေါ့"လို့ကြားရင် "ဒေါ့"တင်မရပ်ဘူး၊ ဘယ်လိုလေးမြင်သွားလဲ၊ နှုတ်သီးရယ်၊ ခြေလေးချောင်းရယ်၊ အမြီးရယ်၊ အဲဒါ ဘယ်မှာ ပုံပေါ်သွားတာတုန်းဆိုရင် ဓမ္မာရုံမှာ ပေါ်သွားတာ။ ကျွန်တော်တို့က သတ္တဝါကြီး ခြေလေးချောင်းနဲ့ အမြီးနဲ့ပေါ်သွားတာကိုမသိဘူး။ ဓမ္မာရုံ အနေနဲ့ပေါ်သွားမှန်းမသိဘူး။ အဲဒီ 'ဒေါ့' အတိုင်းလေး၊ အသံနဲ့သိတာနဲ့။ အသံကရုပ်၊ သိတာကနာမ်၊ အဲဒါ သတိရှိမှ နှလုံးသွင်းလို့ရတာ။ သတိလည်းမရှိရော ဥပါဒါန်နဲ့လည်း နှလုံးသွင်းလိုက်ရော ခွေးကြီးဖြစ်သွားရော၊ သတ္တဝါသဘောကြီးပါသွားတာ။

သတ္တဝါသဘော ဘာကြောင့်ပါတာတုန်း ကိလေသာ ဥပါဒါန်ကြောင့်၊ သတိရှိလိုက်တာနဲ့ ဘာမြင်သွားတုန်း။ သတ္တဝါအသိချုပ်ပြီး နာမ်ရုပ် နာမ်ရုပ်ပေါ်သွားတယ်။ ဒါကြောင့် နာမ်ရုပ်၊ ကံချုပ်

ဆိုပြီး တခါထဲသင်လိုက်တာ နာမ်ရုပ်လို့သိလိုက်  တာနဲ့ သတ္တဝါအသိ ကိလေသဝဋ်ချုပ်တယ်။ ကမ္မဝဋ် ချုပ်တယ်။ ဝဋ်ရုပ်သွားတယ်။

## လျှာက(ရုပ်)  အရသာကိုသိတာက(နာမ်)

လျှာနဲ့မနောနဲ့မှာလည်း လျှာက ကော်ဖီလဲ မသိဘူး၊ လက်ရည်လဲမသိဘူး။ ခေါက်ဆွဲကြော်လဲ မသိဘူး။ လျှာကအရသာပဲသိတယ်။ မနောကျမှ ဘာသိသွားတာတုန်း။ ခေါက်ဆွဲကြော်၊ လက်ရည် အကုန်သိသွားတာ။  ဒီတော့ လျှာမှာအရသာလို့သိရင် အရသာကရုပ်၊ သိတာကနာမ်၊ လျှာပေါ်မှာ ခေါက်ဆွဲ ကြော်၊ လက်ရည်တွေပေါ်တာမဟုတ်ဘူး၊ ဘာပဲ ပေါ်တာတုန်း။ နာမ်ရုပ်ပဲပေါ်တာ။ အဲဒါကို နောက်က မနောမှာ သတိရှိမှ နာမ်ရုပ်လို့အောက်မေ့နိုင်တာ။ ဥပါဒါန်လဲဖြစ်သွားရော မနောသညာက ခေါက်ဆွဲ ကြော်၊ လက်ရည်တွေအကုန် ပေါ်သွားတယ်။

## ဖဿကအာရုံနဲ့တွေ့ထိပေးတယ်။

မျက်စိနဲ့ အဆင်းနဲ့တိုက်ရင် မြင်စိတ်ပေါ်တယ်။ အဲဒီမြင်စိတ်က အာရုံကို ယူပေးတယ်။ မြင်စိတ်က အာရုံပဲယူပေးတာ။ ဘာမှမလုပ်တတ်ဘူး။ အဲဒီ အာရုံကို မနောနဲ့တွေ့ထိဖို့ကျ ဖဿကလုပ်တာ။

အင်္ဂလိပ်လို (contact) ဖဿက အာရုံကို ထိတွေ့တာ။ အာရုံကို မနောနဲ့တွေ့ထိပေးတာ။ ဖဿက အာရုံကို မနောနဲ့လဲ တွေ့ထိပေးရော မနောက သတိရှိလို့ရှိရင် နာမ်ရုပ်လို့သိတယ်။ သတိလည်း မရှိရော ဥပါဒါန်ထဲကျပြီး မှတ်နေကျသညာက 'ဒေါ့' (dog)ဆို ခွေးပုံစံကြီးပေါ်သွားပြီ။ မနောက သတ္တဝါသညာပေါ်ပြီ။ ခွေးပုံစံပေါ်လိုက်တာနဲ့ ကျွန်တော်တို့က ဒီခွေးနဲ့ပတ်သက်ပြီး ကြောက်တယ်ဆိုရင် ဒုက္ခဝေဒနာနဲ့ဒေါသ၊ ဒီခွေးလေးကို ချစ်တယ်ဆိုရင် သုခဝေဒနာနဲ့ လောဘပေါ်ပြီလေ၊ ချစ်တဲ့သူကလည်း လက်လေးနဲ့ပွတ်ပြီ။ သင်္ခါရနဲ့ အားထုတ်ပြီ။ ဝေဒနာ သညာ သင်္ခါရ ဖြစ်သွားပြီ။ ပဋိစ္စသမုပ္ပါဒ်လည်သွားပြီ။ မနောနဲ့ထိတဲ့ ဖဿနေရာမှာ သတိနဲ့မဖြတ်နိုင်လို့ရှိရင်တော့ ပဋိစ္စသမုပ္ပါဒ်လည်သွားပါပြီ။

## သတိ၏အာရုံနဲ့ ဥပါဒါန်၏အာရုံ

ဖဿနေရာမှာ မဖြတ်နိုင်လို့ရှိရင် သညာက ဝင်လာပြီ။ နာမည်ခေါ်သံကြားရင် ငါ့ခေါ်တယ်။ ငါ့ခေါ်တယ်ဆိုရင် ကိုယ်နဲ့ခင်တဲ့လူကခေါ်ရင် သုခဝေဒနာပေါ်ပြီ။ မျက်နှာလေးကပြုံးပြီ။ သင်္ခါရက အားထုတ်ပြီ။ ကိုယ်နဲ့မတည့်တဲ့လူက ခေါ်ရင် သညာ

ကလည်းသိရော၊ မျက်နှာကမဲ့တယ်။ ဒုက္ခဝေဒနာ။ သင်္ခါရကလည်း မင်းငါ့ဘာလို့ခေါ်တာတုန်း။ လုပ်ကုန်ပြီ။ ခန္ဓာ(၅)ပါးပေါ်နေတာကို မသိဘူး။ ကျွန်တော်တို့ မနောမှာ အာရုံတွေနဲ့ ထိတွေ့တဲ့အခါ သတိနဲ့လက်ခံမှာလား၊ ဥပါဒါန်နဲ့လက်ခံမှာလား။ ဥပါဒါန်နဲ့လက်ခံလိုက်တာနဲ့ ပုဂ္ဂိုလ်သတ္တဝါအသိ ထဲကျပြီး ဝေဒနာ သညာ သင်္ခါရတွေနဲ့ အားထုတ်ပြီ။

## မဂ္ဂနဲ့နိရောဓ

သတိနဲ့လက်ခံလိုက်တာနဲ့ နာမ်ရုပ်လို့ သိသွားပြီ၊ နာမ်ရုပ်လို့သိတာနဲ့ ကိလေသဝဋ်ချုပ်, ကမ္မဝဋ်ချုပ်သွားပြီ။ ကံချုပ်ရင် ပဋိစ္စသမုပ္ပါဒ်ရပ်ပြီ။ ကံချုပ်တာနဲ့ နောက်ဘဝနောက်ခန္ဓာမဖြစ်တော့ဘူး။ ကံက အကြောင်း၊ နောက်ဘဝ နောက်ခန္ဓာကအကျိုး၊ အကြောင်းချုပ်လို့ အကျိုးချုပ်တာ နိရောဓ၊ အဲဒါ တဒင်္ဂ နိဗ္ဗာန်။ ဝိပဿနာဆိုတာဒါပါပဲ။ နိဗ္ဗာန်ပြောစမ်းပါဆို မပြောတတ်ဘူး။ နိဗ္ဗာန်ဆိုတာ အဲဒီလို နှလုံးသွင်း လိုက်လို့ မိမိမှာ ပုဂ္ဂိုလ်သတ္တဝါလို့ယူထားတဲ့ မနောကံချုပ်သွားတာ။ သတ္တဝါအယူချုပ်တာနဲ့ နောက်ဘဝ နောက်ခန္ဓာကို ဖြစ်မဲ့အကျိုးရော မချုပ် ဖူးလား။ အကြောင်းချုပ်လို့ အကျိုးချုပ်တာ အဲဒါ

နိရောဓပဲ။ မိမိကနှလုံးသွင်းတာက မဂ္ဂ။

ကိလေသဝဋ်ဖြစ်တဲ့ ပုဂ္ဂိုလ်သတ္တဝါလို့ယူထားတဲ့မနောကံချုပ်တာက နိရောဓ၊ နှလုံးသွင်းတာက မဂ္ဂ၊ သံသရာတလျှောက်လုံး မိမိမှာ မဂ္ဂနဲ့ နိရောဓ တခါမှမဖြစ်ဖူးဘူး။ ဘာနဲ့နေလဲဆိုတော့ သမုဒယနဲ့ဒုက္ခ၊ ဥပါဒါန်နဲ့စွဲပြီး ငါ့သား၊ ငါ့သမီးလို့ သိလိုက်တာနဲ့ ပူပန်တာတွေ ကြောင့်ကြတာတွေ ဖြစ်ကုန်ကြပြီ။ သမုဒယနဲ့ ဒုက္ခချည်းဘဲ သံသရာလည်ခဲ့ကြတယ်။ အခုကျမှ မဂ္ဂနဲ့နိရောဓသဘောကို သိခွင့်ရတာပါ။

## လောဘဖြစ်ရင် လောဘဖြစ်မှန်းသိ

လောဘဖြစ်ရင် ဖြစ်မှန်းသိ၊ လောဘမဖြစ်ရင် မဖြစ်မှန်းသိ၊ ဒီလိုကျတော့ နဲနဲလွယ်သွားတယ်။ လျှာပေါ်မှာနဲနဲလေး သတိထားကြည့်ပါ။ ခေါက်ဆွဲတွေ၊ ကြာဇံတွေ၊ လ္ဘက်ရည်တွေမပေါ်ပါဘူး။ ဘာပဲပေါ်လဲ။ အရသာဆိုတဲ့ ချိုတာ၊ ချဉ်တာ၊ ငန်တာ၊ ဆိမ့်တာပဲရှိတယ်ဆိုရင် တရားအားထုတ်တာဘာပယ်တုန်းဆိုတော့ ပုဂ္ဂိုလ်၊ သတ္တဝါ ဒြပ်ဝတ္ထု အသိတွေကိုပယ်မှာ။ မရှိတာတွေပယ်ပြီး အရှိတွေကို အရှိအတိုင်း အမှန်သိဖို့ပါဘဲ။

အဲဒါတွေကို ပယ်ဖို့ဆိုတာက မနောမှာ သတိနဲ့ နေမှာလား ဥပါဒါန်နဲ့နေမှာလား။ ဥပါဒါန်နဲ့နေရင်တော့ ဝဋ်တွေပေါ်၊ ကံတွေမြောက်၊ ပဋိစ္စသမုပ္ပါဒ်တွေလည်၊ သတိနဲ့နေလိုက်တာနဲ့၊ နာမ်ရုပ်လို့ သိလိုက်တာနဲ့ ကံချုပ်သွားပြီ၊ ကာယကံ၊ ဝစီကံ၊ မနောကံ သူနဲ့ပတ်သက်တာတွေ မပြောတော့ဘူး။ သတိရှိရင် စားတဲ့အပေါ်မှာ ကြက်သား၊ ဝက်သားတွေ မနောမှာ မပေါ်ပါဘူး။ မနောကံ ချုပ်တာကို သိလာတယ်။

## လက်က(ရုပ်) အထိကိုသိတာက(နာမ်)

ထိတာလေး ကျွန်တော်ပြောပြမယ်။ လက်နဲ့ထိကြည့်၊ ကျွန်တော်တို့က ဒီတိုင်းကြည့်ရင် စားပွဲခုံကြီးလို့ ထင်ရတယ်။ အဲဒီစားပွဲခုံကြီးဆိုတာ မျက်စိပေါက်ကသိနေတာ။ ထိရင်စားပွဲခုံနဲ့ ထိတယ်။ ကော်ဇောထိတယ်ဆိုတာ မျက်စိပေါက်ကမြင်နေတာ။ ဝိပဿနာဆိုတာ အဲဒီလို ဒွါရပေါက်(၂)ခုက မရှုရဘူး။ လက်ကထိနေရင် လက်ထိပ်ရှုထောင့်ကနေပဲ နှလုံးသွင်းရမယ်။ ဒါကြောင့် တရားစတင်အားထုတ်တဲ့လူတွေ မျက်စိ မှိတ်ခိုင်းရတာပါ။

ကျွန်တော်တို့လက်က ကော်ဇောလဲ မသိဘူး။ စားပွဲလဲမသိဘူး။ ဘာတော့သိတုန်း မာတာတော့

သိတယ်။ အဲဒီလိုသိသွားရင် အဲဒီလက်ထိပ်မှာ ပေါ်တဲ့အတိုင်းသိရင် မနောပညတ်တွေချုပ်နေတယ်။ ခုတော့ လက်နဲ့စမ်းကြည့်လိုက်ရင် ကော်ဇောက ချောလိုက်တာ၊ မနောကပညတ်တွေ ကော်ဇောတွေ ပါကုန်ပြီ။ အရှိကိုအရှိအတိုင်း အမှန်မသိတော့ဘူး။ အဘိဓမ္မာအရဆိုရင် ပထဝီကို(၆)မျိုးသင်တယ်။ (မာတယ်၊ ပျော့တယ်၊ ကြမ်းတယ်၊ ချောတယ်၊ လေးတယ်၊ ပေါ့တယ်)၊ ကြမ်းတာ ချောတာလဲ ပထဝီပဲ၊ မာတာ ပျော့တာလဲ ပထဝီပဲ၊ လေးတာ ပေါ့တာလဲ ပထဝီပဲ။

## သတိက ကိလေသာကိုပယ်တယ်။

ကိုယ့်လက်ထိပ်မှာ ပထဝီပဲပေါ်တယ်။ ပထဝီကရုပ်၊ သိတာကနာမ်၊ လက်ထိပ်မှာ ဘာပဲပေါ်လဲဆိုတော့ နာမ်ရုပ်ပဲပေါ်တယ်။ ကော်ဇောမပေါ်ဘူး။ ချောတာကလဲ ပထဝီပဲ။ ပထဝီကရုပ်၊ သိတာကနာမ်၊ နာမ်ရုပ်ပဲပေါ်တယ်။ သတိရှိရင် အခက်ကြီး မဟုတ်ဘူးနော်။ သတိနဲ့ နှလုံးသွင်းဖို့ပဲ။ ဝိပဿနာဆိုတာ ကိလေသဝဋ်ဖြစ်တဲ့ ပုဂ္ဂိုလ်သတ္တဝါ ဒြပ်ဝတ္ထုအစွဲတွေကို ပယ်တဲ့အလုပ်ကိုလုပ်ရတာ။ လုပ်လို့ရှိရင် မနောမှာ သတိရှိနေရမယ်။ ဥပါဒါန်နဲ့ရှိလိုက်တာနဲ့

ပုဂ္ဂိုလ်သတ္တဝါ ဒြပ်ဝတ္ထုသဘောထဲကို ဆင်းသွားပြီ။

## heart ထိတယ်။

မှတ်မိအောင်တစ်ခုပြောအုံးမယ်။ ခေတ်စကား နဲ့ပြောမယ်ဆိုရင် လူငယ်တွေပြော ကြတယ်။ heart ထိတယ်လို့၊ heart ထိတယ်ဆိုရင် ဒီကောင်တော့ သွားရှာပြီ။ ဒီတော့ မြင်လိုက်တဲ့ အပေါ်မှာ ဥပါဒါန် နဲ့သိရော heart ထိတော့တာပဲ။ သတိရှိရင် heart မထိဘူး။ ဝိပဿနာအားထုတ်တယ်ဆိုတာ heart မထိအောင်လုပ်တာ။ heart မထိအောင်က သတိ ရှိရမယ်။ မနောမှာသတိရှိရင် heart မထိဘူး။ မနောမှာ ဥပါဒါန်ရှိရင် heart ထိသွားတယ်။ ဒါခေတ် စကားနဲ့၊ မမေ့အောင် ဝိပဿနာကို ခေတ်လူငယ် တွေလဲ မမေ့အောင်၊ မနောမှာ သတိနဲ့ နေမှာလား၊ သတိနဲ့နေလို့ရှိရင် အဲဒါကို ဘာခေါ်လဲဆိုတော့ (ယောနိသောမနသိကာရ) နှလုံးသွင်းမှန်တယ်၊ သတ္တဝါလို့သိလိုက်တာနဲ့ (အယောနိသောမနသိ ကာရ) ဥပါဒါန်ဝင်သွားပြီ။ အယောနိသောမနသိ ကာရ နှလုံးသွင်းမှားသွားပြီ။

ဝိပဿနာဆိုတာ မနောမှာပဲ သတိနဲ့ အာရုံ တွေကို လက်ခံမှာလား၊ ဥပါဒါန်နဲ့လက်ခံမှာလား။

ဒီနားလေးပဲ၊ ဥပါဒါနပစ္စယာ ကမ္မဘဝ၊ ဥပါဒါန်ကြောင့်ကံဖြစ်တယ်။ သတိနဲ့လက်ခံတော့ နာမ်ရုပ်လို့သိလိုက်တာနဲ့ သတ္တဝါယူတဲ့ မနောကံချုပ်သွားပြီ။ နားလည်ရအလွယ်ဆုံးပဲ၊ ကံချုပ်တာနဲ့ နိရောဓဆိုက်ပြီ။ သစ္စာဝင်သွားပြီ။

## တစ်ကြောင်းတည်းသော မဂ္ဂင်လမ်း

အားလုံးကအတူတူဘဲ ဒီလမ်းကြောင်းတစ်ကြောင်းတည်းပဲ။ မြတ်စွာဘုရားက ဧကာယနော မဂ္ဂေါ။ တစ်ကြောင်းတည်းသောလမ်း သူ့နည်းကိုယ့်နည်းမရှိဘူး။ ရှုထောင့်အမျိုးမျိုးက ပြောတာပဲရှိတယ်။ မြတ်စွာဘုရားရဲ့တရားတော်က သတိပဋ္ဌာန်ဆိုတဲ့တစ်ကြောင်းတည်းပဲ။ မြင်စိတ်ဖြစ်ပျက်မနောကမင်္ဂ အတူတူပဲ။ ဒီနားလေးမှာဉာဏ်နဲ့မိအောင်ဖမ်းမှာ။ မြင်ရင်မြင်တဲ့အတိုင်းသိရမယ်။ အခု စာလုံးတွေ 'ကကြီး ခခွေး' တွေဆိုတာ နောက်ကမနောကသိတာ။ မျက်စိက ဘာပဲသိလဲ အဲဒီစာလုံးအရောင်ကအမဲ၊ နောက်ကစာရွက် အဖြူအရောင်၊ အရောင်ပဲ မျက်စိကသိတာ။ အရောင်ကိုသိရင် မျက်လုံး၊ ကကြီး ခခွေးဆိုပြီးတော့ စာလုံးတွေကို သိပြီဆိုရင် မနောက ပညတ်တွေရောက်သွားပြီ။

## ရုပ်လဲမနေနဲ့၊ အားလဲမထုတ်နဲ့

မြတ်စွာဘုရားက ရုပ်လဲမနေနဲ့၊ အားလဲမထုတ်နဲ့လို့ဟောခဲ့တယ်။ နားမှာကြားတာကို ကြားတဲ့အတိုင်း သိနေရင် သတိကရုပ်မနေဘူး။ အားလဲမထုတ်နဲ့ ဆိုတာ အဝိဇ္ဇာ-တဏှာ-ဉပါဒါန်တွေနဲ့ အားမထုတ်နဲ့။ ဉပါဒါန်နဲ့အားထုတ်တော့ ကံတွေကမြောက်ကုန်ရော။ အားလဲမထုတ်နဲ့ဆိုတာက တရားအားမထုတ်ရဘူး လို့ပြောတာမှတ်နေဦးမယ်။ မဟုတ်ဘူး၊ ဉပါဒါန်နဲ့ အားမထုတ်နဲ့။ ပုဂ္ဂိုလ်သတ္တဝါအသိတွေနဲ့ အားမထုတ်နဲ့၊ အားထုတ်တာနဲ့ ကံတွေမြောက်ကုန်ပြီ။

မြင်ရင်လည်း မြင်တဲ့အတိုင်းကို သတိနဲ့ သိအောင်ကြိုးစား၊ သာမန်အားဖြင့် ရုပ်လဲမနေနဲ့ အားလဲမထုတ်နဲ့ဆိုတော့ ဘာလုပ်ရမှန်းကို မသိ တော့ဘူး။ မဇ္ဈိမပဋိပဒါက ကဲ-ရေထဲမှာ ကူးလဲမနေနဲ့ ရုပ်လဲမနေနဲ့ဆိုရင် ဘယ်လိုလုပ်ရမှန်း မသိဘူး။ ဒီနားလေးကသိမ်မွေ့တယ်။ ကိုယ်ဖော့ထားရုံပဲ။

ဒါကြောင့် သံသရာဝဋ်ရုပ်လိုပါက ကြားမှု အပေါ်တွင် သတ္တဝါအယူအစွဲဖြစ်သော (ဉပါဒါန်)ကို (သတိ)ဖြင့် ပယ်ရပေမည်။ ဝိပါကဆိုသော ကြားမှုကို (အရှိကိုအရှိတိုင်း) နာမ်ရုပ်ဟု သတိဖြင့် နှလုံးသွင်း

မှန်ပါက သမ္မာဒိဋ္ဌိဉာဏ်ဖြင့် သတ္တဝါသဘောစွဲယူသော ကိလေသဝဋ်ကို ပယ်ရှားနိုင်ပေမည်။

## ကိလေသဝဋ်နဲ့အကိန်းခါတ်

ဝိပဿနာအလုပ်သည် ကိလေသဝဋ်ကို ပယ်ရန်အတွက်ဖြစ်ပါသည်။ လောဘ၊ ဒေါသ၊ မောဟတို့၏ အရင်းအမြစ်ဖြစ်သော ကိလေသဝဋ်သည် အနုသယ(အကိန်းဓါတ်)အားဖြင့် ရှိနေပါသည်။ ကမ္မဝဋ်တွင် လောဘ၊ ဒေါသ၊ မောဟတို့သည် မနောကံအနေဖြင့် ဖြစ်ပေါ်ပါက (ပရိယုဋ္ဌာန) ကိလေသာဟုခေါ်ပါသည်။ ထို့ကြောင့် ကိလေသာဖြစ်မှု၏ အရင်းအမြစ်သည် အနုသယကိလေသာ (အကိန်းဓါတ်) အနေဖြင့် ကိလေသဝဋ်တွင် ရှိပါသည်။

ကိလေသဝဋ်ဆိုတာ အကိန်းဓါတ်၊ အကိန်းဓါတ်ဆိုတာ ခန္ဓာအနေနဲ့ မပေါ်ဘူး။ မြင်တာက မျက်စိ၊ မနောမှာ သိတဲ့အခါကျတော့ ယောကျ်ားမိန်းမ ပုဂ္ဂိုလ် သတ္တဝါလို့ မနောကသိလိုက်ရော၊ ကမ္မဝဋ်ရောက်သွားပြီ၊ မျက်စိမြင်တာက (ဝိပါက)၊ မနောက သိရင် (ကမ္မ)ဆိုတော့ ကိလေသဝဋ်က ခန္ဓာအနေနဲ့မပေါ်ဘူး။ ဉပါဒ်- ဌီ-ဘင် အနေနဲ့မရှိဘူး။ သူ့ကို အကိန်းဓါတ်၊ အခံဓါတ်၊ အငုတ်ဓါတ်လို့ခေါ်ပါတယ်။

## အနုသယကိလေသာ

အကိန်းခါတ်ဆိုတာ ဘယ်လိုဟာမျိုးလဲဆိုတာ နားမလည်နိုင်ဘူး။ မကြားဖူးဘူး။ ကျွန်တော်တို့က မြင်လိုက်တာနဲ့ သတ္တဝါအသိပါသွားပြီ သိပ်မြန်တာဘဲ။ ဝိပဿနာဆိုတာကလဲ သတ္တဝါအသိဆိုတဲ့ အနုသယ အကိန်းခါတ်ကိုပယ်တာပါ။

ဥပမာ တချို့က အကောင်းမြင်ခါတ်ခံရှိတယ်။ အကောင်းမြင် ခါတ်ခံရှိရင် မြင်လိုက်ကြားလိုက်ရင် အကောင်းဖက်ကပဲ ပြောတယ်။ အကောင်းဖက်ကပဲ တွေးတယ်။ ဒါပေမယ့် အဲဒီအကောင်းမြင်ခါတ်ခံက အိပ်နေလဲရှိတယ်။ မြင်လိုက်ကြားလိုက်ရင် အကောင်း မြင်ခါတ်ခံရှိနေလို့ အကောင်းဖက်ကပဲဖြစ်တယ်။ အဆိုးမြင်ခါတ်ခံရှိတဲ့သူကလည်း မြင်လိုက်ကြား လိုက်ရင် အဆိုးဖက်ကချည်းပဲတွေးတယ်။ ပြောတယ်၊ အဲဒီခါတ်ခံကြီးက အိပ်ပျော်နေလဲရှိတယ်။

ကျွန်တော်တို့မှာ သတ္တဝါအသိဆိုတဲ့ အကိန်း ခါတ်ကြီးက အိပ်ပျော်နေလဲရှိတယ်။ ကိန်းနေတာ ပေါ်တော့မပေါ်ဘူး။ ဒါပေမဲ့ မြင်လိုက်လို့ရှိရင် အကိန်းခါတ်ကထပြီး မြင်တဲ့အပေါ် ယောကျ်ား၊ မိန်းမ တွေဖြစ်ကုန်တာ။ သူကဘယ်လိုပါသွားမှန်းကို မသိ

နိုင်ဘူး။ တအားသိမ်မွေ့နေတယ်။ ဒါကြောင့် အဲဒီ သတ္တဝါသဘောကို မြတ်စွာဘုရားက လေးသချင်္ချေနဲ့ ကမ္ဘာတစ်သိန်းရှာခဲ့ရတာ။ သူကခန္ဓာအနေနဲ့ရှိတာ မဟုတ်ဘူး။ အငုတ်ဓါတ်၊ အကိန်းဓါတ်အနေနဲ့ ရှိတော့ မတွေ့နိုင်ဘူး။ သတ္တဝါအသိက ဘယ်လိုပါနေမှန်းကို မသိဘူး။ မြင်လိုက်တာနဲ့ပါသွားပြီ။ ကြားလိုက်တာနဲ့ ပါသွားပြီ ဆိုတော့ ဒီနေရာက အငုတ်ဓါတ်၊ အကိန်း ဓါတ် အနုသယဓါတ် ဖြစ်နေတယ်။ နားလည်ဖို့လဲ တအားခက်နေတယ်။ ကျွန်တော်က ကြိုးစားရှင်းပြရ တယ်။ အကောင်းမြင်ဓါတ်ခံမှာ ဓါတ်ခံကမမြင်ရဘူး။ သူ့ထဲမှာကိန်းနေတယ်။ ဒါပေမယ့် ဘယ်တော့မှ ပေါ်သလဲဆိုရင် မြင်တဲ့ကြားတဲ့အခါကျမှ အဲဒီဓါတ်ခံ ရှုထောင့်ကနေဘဲ နှလုံးသွင်းသွားတာပါ။

ဒီအတိုင်းဘဲ သတ္တဝါဆိုတဲ့ အကိန်းဓါတ်ခံက ကျွန်တော်တို့မှာရှိနေတယ်။ သံသရာတစ်လျှောက် လုံးကရှိနေတာ။ မြင်လိုက်ကြားလိုက်တာနဲ့ သတ္တဝါ အသိကြီးက တခါတည်းပါသွားတာ။ ကိလေသဝဋ်ကို ပယ်ဖို့နေနေသာသာ သိတောင်မသိလိုက်ရဘူး။ ဒါကြောင့် ဝိပဿနာမှာ ပယ်ရမဲ့ အကိန်းကိလေသာကို နားလည်ဖို့ ခက်ခဲ နက်နဲနေတာဖြစ်ပါတယ်။

## အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်

ဝိပါကဝဋ်သည် မြင်မှုကြားမှုတွင် ဖြစ်ပေါ်နေသော ရုပ်နာမ်ဖြစ်၍ ကိလေသဝဋ်သည် ရုပ်နာမ်အပေါ်တွင် သတ္တဝါအဖြစ်အသိမှားမှု အဝိဇ္ဇာ၊ နှစ်သက်မှု တဏှာနဲ့ စွဲလမ်းမှု ဥပါဒါန်တို့ဖြစ်ပါသည်။ ကမ္မဝဋ်သည် ပုဂ္ဂိုလ်သတ္တဝါ အလိုအတိုင်း ကာယ၊ ဝစီ၊ မနော (စေတနာ)တို့ဖြင့် အားထုတ်ခြင်းကြောင့် ကုသိုလ်၊ အကုသိုလ်ကံတို့ ဖြစ်ကြရသည်။ ကိလေသဝဋ်ဖြစ်သော အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တွင် ဥပါဒါန်သည် ထင်ရှား၏။ ထို့ကြောင့် ကိလေသဝဋ်ကို ထင်ရှားရာ ဥပါဒါန်ဖြင့် ကိုယ်စားပြုရ၏။ ထိုအခါ ဥပါဒါန ပစ္စယာ ဘဝေါဆိုသော ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ ဥပါဒါန်ကြောင့် ကံဖြစ်ရ၏။ ဥပါဒါန်ချုပ်ပါက ကံလည်းချုပ်၏။ ပုဂ္ဂိုလ်သတ္တဝါအယူ (ဥပါဒါန်)ချုပ်သောအခါ (ကံ)လည်းချုပ်၏။ ကံအကြောင်းချုပ်ပါက အကျိုးဇာတိချုပ်သောကြောင့် **အကြောင်းအကျိုးချုပ်သော နိရောဓသို့ ဆိုက်ရောက်ရလေသည်။**

နိဗ္ဗာန်ဆိုတာလည်း ဒီလိုသဘောပဲ၊ နိရောဓဆိုတာလည်း အတူတူပဲ။ သတိဖြင့်သာ မဂ္ဂင်လမ်းပေါ်သို့ တက်ရခြင်းဖြစ်သည်။ သတိရှိလိုက်သည်

နှင့် ဥပါဒါန်ချုပ်၏။ သတိရှိပါကလည်း ဥပါဒါန်မရှိ၊ ဥပါဒါန်ရှိနေပါကလည်း သတိမရှိသည်ကို ကိုယ်တိုင် သိမြင်နိုင်ပေမည်။ ထိုအခါ မြင်မှု ကြားမှုတို့တွင် သတ္တဝါဟု စွဲယူနေသော ဥပါဒါန်ကို သတိပြုလိုက် သည်နှင့် ဥပါဒါန်ကိုပယ်ကာ မြင်မှုကြားမှုတို့တွင် ရုပ်နာမ်တို့ကို အရှိတိုင်း နှလုံးသွင်းနိုင်ပါမည်။ ထိုသို့နှလုံးသွင်းမှန်ခြင်း (သမ္မာဒိဋ္ဌိ)ကြောင့် သတ္တဝါ အယူဥပါဒါန်ပြုတ်ပေမည်။

## ‘ငါ’ဆိုတဲ့သတ္တဝါမျိုးစေ့

ဝိပဿနာအားထုတ်တယ်ဆိုတာ သတ္တဝါလို့ သိထားတဲ့အသိကိုပယ်တာပါပဲ။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် အစွမ်းကြောင့် သတ္တဝါလို့ သိနေတာပါ။ သတ္တဝါအသိနဲ့ ကုသိုလ်တွေလုပ်တယ်။ ငါကုသိုလ် လုပ်တယ်ဆိုတော့ ကုသိုလ် လုပ်တာတော့ ကောင်း ပါတယ်။ အဲဒီကုသိုလ်ထဲမှာ ‘ငါ’ဆိုတဲ့သတ္တဝါမျိုး စေ့က ပါသွားပြီ။ အဲဒီကုသိုလ်က ကောင်းတဲ့နေရာ လည်း အကျိုးပေးရော အဲဒီသတ္တဝါမျိုးစေ့က အပင် ပေါက်တော့ သတ္တဝါပဲဖြစ်ရော။

ငါအနေနဲ့ ကုသိုလ်ကောင်းမှုလုပ်လို့ အကျိုးပေး တော့ သတ္တဝါမျိုးစေ့ပါသွားတဲ့အတွက် လူချမ်းသာ၊

နတ်ချမ်းသာ ပြဟ္မာချမ်းသာ သတ္တဝါကြီးသွား ဖြစ်တယ်။ အခု ကျွန်တော်တို့က ကုသိုလ်တွေ လုပ်တယ်။ သတ္တဝါ အသိမပါဘဲ စေတနာက ငါမဟုတ်ဘူးလို့ သိသွားရင် သတ္တဝါမျိုးစေ့ မပါတဲ့ကုသိုလ်က ဘယ်အကျိုးပေးလဲ ဆိုရင် သတ္တဝါမရှိတဲ့ဆီဘဲ သွားအကျိုးပေးတယ်။ အဲဒါနိဗ္ဗာန်ရောက်တာပဲ။ နိရောဓဆိုက်တာပဲ။

ရှေးကလူ့ရင် သံသရာရှည်တယ်ဆိုပြီး အငြင်းအခုံတွေဖြစ်ခဲ့ကြတယ်။ ဒီလိုပိုင်ပိုင်နိုင်နိုင် မသိခဲ့ ကြဘူး။ လူ့ရင် ဘာလို့ သံသရာရှည်တာလဲဆိုရင် သတ္တဝါအယူပါနေလို့ သံသရာရှည်တာပေ့ါ။ သတ္တဝါ အယူ မပါတဲ့ ကုသိုလ်က အကျိုးပေးတဲ့အခါကျတော့ သတ္တဝါမရှိတဲ့နေရာဆိုတော့ နိဗ္ဗာန်သွားအကျိုးပေး တာပဲ။ ဒါဆိုမခက်တော့ဘူး။ သူမျိုးစေ့နဲ့သူ့အပင် ဆိုတဲ့ အကြောင်းနဲ့အကျိုး အနတ္တပါပဲ။

## သူ့မျိုးစေ့နှင့်သူ့အပင်

ပုဂ္ဂိုလ်သတ္တဝါအယူဖြင့်ပြုလုပ်သော ကုသိုလ်ကံသည် အကျိုးပေးသောအခါ ကောင်းသောနေရာမှာပုဂ္ဂိုလ်သတ္တဝါအနေဖြင့်သာ အကျိုးပေး၏။ ပုဂ္ဂိုလ်သတ္တဝါအယူဖြင့် ပြုလုပ်သော အကုသိုလ်ကံတို့သည်လည်း အကျိုးပေးသောအခါ မကောင်း

သောအပါယ်ဘုံမှာပင် ပုဂ္ဂိုလ်သတ္တဝါ အနေဖြင့်ပင် အကျိုးပေး၏။

သရက်ပင်မှသီးသော သရက်သီးအစေ့သည် သင့်လျော်သော မြေ၊ ရေ၊ နေရောင်တို့ရသောအခါ သရက်ပင် သာလျှင် အပင်ပေါက်ပေမည်။ သူ့မျိုးစေ့နှင့် သူ့အပင်ပေါက်ခြင်းသာဖြစ်၏။ ထို့ကြောင့် ပုဂ္ဂိုလ် သတ္တဝါအယူဖြင့် ပြုလုပ်သော ကုသိုလ်၊ အကုသိုလ်ကံ (အဖြူအမဲကံ)တို့သည် အကျိုးပေးသောအခါ၌လည်း ပုဂ္ဂိုလ်သတ္တဝါအဖြစ် ကောင်းကျိုးဆိုးကျိုးတို့ကို ဖြစ်ပေါ်စေခြင်းဖြင့် သံသရာမဆုံးနိုင်သော ဝဋ်ဆင်းရဲကို ဖြစ်ပေါ်စေခြင်းဖြစ်သည်။

အကယ်၍ ပုဂ္ဂိုလ်သတ္တဝါအယူဖြစ်သော ကိလေသဝဋ်ကိုပယ်ပြီး သမ္မာဒိဋ္ဌိအယူမှန်ဖြင့် ပွားများ အားထုတ်သော ဝိပဿနာကုသိုလ်၊ မဂ်ကုသိုလ်တို့ သည် အကျိုးပေးသောအခါ၌လည်း ပုဂ္ဂိုလ်သတ္တဝါ လွတ်ရာကင်းရာဖြစ်သော နိဗ္ဗာန်ရောက်သည့် တိုင်အောင် အထောက်အပံ့ ကောင်းကျိုးတို့ကိုသာ ပေးခြင်းဖြစ်လေသည်။ (မဂ်ဉာဏ်သည် ကုသိုလ် ဖြစ်၍ ဖိုလ်ဉာဏ်သည် ကုသိုလ်၊ အကုသိုလ်မှလွတ်သော အဗျာကတဖြစ်ပါသည်။)

ဝိပဿနာမှာ မဂ်ဉာဏ်အဆင့်ထိ ကုသိုလ်ဖြစ်ပါသည်။ ကုသိုလ်ထဲမှာ မဂ်ဉာဏ်က အဆင့်အမြင့်ဆုံးဖြစ်သည်။ မဂ်ကုသိုလ်က ဘယ်ပို့လဲဆိုရင် နိဗ္ဗာန်ရောက်အောင်ထိပို့ပါသည်။

## အနေကဇာတိသံသာရံ

အနေကဇာတိသံသာရံဆိုတာ ဘုရားအနေကဇာတင်တယ်ပေါ့။ ဒီလိုတော့သိကြတယ်၊ မြတ်စွာဘုရားက ဗောဓိပင် နဲ့ရွှေပလ္လင် အောင်မြင်တဲ့အခါ စိတ်ထဲကဥဒါန်း ကျူးရင့်ရတယ်။ ဘယ်လောက်တောင် စိတ်ထဲမှာ ဥဒါန်းကျူးရင့်သလဲဆိုရင် ငါသည်လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး သင်တဏှာယောကျ်ား လက်သမားကိုရှာခဲ့၏။ ငါသည်သင့်ကို မတွေ့နိုင်ခဲ့။ ထိုသို့မတွေ့နိုင်ခဲ့သဖြင့် သင်သည် ငါ့အတွက် ခန္ဓာအိမ်ကို ဆောက်လုပ်နိုင်ခဲ့၏။ ငါသည် ခန္ဓာဒုက္ခကို ခံခဲ့ရ၏။ ယခုငါသည် သင့်ကိုတွေ့ပြီ၊ သင်သည် ငါ့အတွက် နောက်ထပ် ခန္ဓာအိမ်ကို ဆောက်ပေးရတော့မည်မဟုတ်။

သင်၏ဆောက်လုပ်ရေး ပစ္စည်းဟူသမျှ အားလုံးကို ငါသည် ဖျက်ဆီးအပ်ပြီ။ ငါသည် ခန္ဓာဒုက္ခမှ လွတ်မြောက်လေပြီဆိုပြီး ဒီတဏှာလက်

သမားတွေ့တာကို ဘယ်လောက်ဥဒါန်း ကျူးခဲ့ရသလဲ။ ကျွန်တော်တို့သိနေတဲ့ တဏှာတော့မဟုတ်လောက်ဘူး။ ဘာပြုလို့လဲဆိုတော့ အနုသယအကိန်းဓါတ်ဖြစ်နေလို့မတွေ့နိုင်ဘူး။ မြတ်စွာဘုရားရှင်သည် သဗ္ဗညုတဉာဏ်တော်ကို ရ၍ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးသောအခါ ဤဥဒါန်းကို "အနေက ဇာတိသံသာရံ" အစချီကာ စိတ်ဖြင့် ကျူးရင့်တော်မူခဲ့၏။ ယခုအခါ ဤဥဒါန်းရွတ်ဆိုခြင်းကို ဘုရားအနေကဇာတင်သည်ဟု ဆိုလေသည်။

ဘုရားရှင်ဥဒါန်းကျူးရင့်ရလောက်အောင် တွေ့ရခက်ခဲသော တဏှာသည် မိမိတို့သိနေသော ရပ်သိရွာသိ တဏှာမျိုးမဟုတ်သည်မှာ သေချာပါသည်။ ထိုတဏှာသည် အကိန်းဓါတ်မျိုး၊ အခံဓါတ်မျိုး၊ အငုတ်ဓါတ်မျိုး၊ အနုသယဓါတ်မျိုးဖြစ်၍ ထင်ရှားသိသာသည့်တရားမျိုးမဟုတ်ပါ။ ခန္ဓာအားဖြင့် ဖြစ်ပေါ်လာသော လောဘ၊ ဒေါသ၊ မောဟတရားတို့သည် သိမြင်နိုင်ကြပါသည်။ လောဘ၊ ဒေါသ၊ မောဟတို့ကို ဖြစ်ပေါ်စေသော အကြောင်းရင်း ကိလေသဝဋ်အကိန်းဓာတ်ကို မြတ်စွာဘုရားရှင်သာ တဏှာ လက်သမားအနေဖြင့် ဥဒါန်း ရင့်ကြူးတော်မူခဲ့လေသည်။

## တဏှာလက်သမား

တဏှာလက်သမားသည် မနောမှာရှိပါသည်။ မျက်စိနှင့်အဆင်းတိုက်မှုကြောင့် ဖြစ်ပေါ်လာသော မြင်စိတ်သည် အာရုံကိုယူပေးပါသည်။ ထိုအာရုံကို ဖဿသည် မနောနှင့်ထိတွေ့ပေးသည်။ မနောတွင် တဏှာလက်သမားသည် သတ္တဝါပုံစံခွက် (form work) ရိုက်ထားလေသည်။ ဥပမာ တိုက်ဆောက်ရာတွင်လက်သမားသည် သစ်သားဖြင့် ပုံရိုက်ထားသောကြောင့် ကွန်ကရစ်လောင်းလိုက်သည်နှင့် တိုက်ပုံစံပေါ်သွားခြင်းဖြစ်သည်။ ထို့အတူ အာရုံတို့သည် မနောတွင် **(တဏှာလက်သမား)**ရိုက်ထားသော ပုံစံခွက်အတွင်းသို့ကျရောက်သည်နှင့် သတ္တဝါအသိဖြစ်ပေါ်သွားလေသည်။ ယင်းကိုပင်နှလုံးသွင်းမှားသည်ဟု ခေါ်ဆိုခြင်းဖြစ်သည်။

## ဥပါဒါန်ပုံစံခွက်

တဏှာလက်သမားကို မြင်တောင် မမြင်ရဘူး။ သူက ပုံစံခွက်ရိုက်ပြီးသား၊ ကျွန်တော်တို့ သိလိုက်တဲ့အခါကျတော့ ပုံတောင်ခွာပြီးသွားပြီ။ ကျွန်တော်တို့သိလိုက်ရင် ယောကျ်ား၊ မိန်းမ၊ သတ္တဝါပုံစံခွာပြီးသွားပြီ။ ကျွန်တော်တို့က ပုံရိုက်တာတောင်

မမြင်လိုက်ရဘူး။ ကျွန်တော်တို့တွေ့လိုက်တော့ ပုံခွာပြီးသား ဖြစ်နေပြီ။ အဲဒီပုံရိုက်ထားတဲ့ သစ်သား တွေ့ရင်ကို မဆိုးဘူး။ အဲဒါဥပါဒါန် အဲဒီပုံတွေကို ဘယ်သူရိုက်တာတုန်း။ တဏှာကရိုက်တာ။ တဏှာ လက်သမားက တွေ့ကိုမတွေ့ရဘူး။ ကျွန်တော်တို့ သိလိုက်ရင် သစ်သားတောင် မရှိတော့ဘူး။ ပုံစံက ပေါ်နေပြီ။ တဏှာလက်သမားက ဘယ်လောက်ရှာ ဖွေရခက်လဲလို့။ ကျွန်တော်တို့ သိလိုက်ရင် သစ်သား ပုံပြားတောင် မမြင်ရတော့ဘူး။ ပုံစံကြီးပေါ်နေပြီ။

မျက်စိကမြင်တယ်။ မျက်စိမှာဘယ် ယောကျ်ား၊ မိန်းမမှ ဝင်လို့မရဘူး။ ဘာတွေဝင် လဲဆိုအဆင်း တွေပဲ။ (light reflection) တွေပဲဝင်တာ။ ဘိလပ်မြေ ဖျော်ထားတဲ့ ကွန်ကရစ် တွေ ဘာပုံစံမှ မရှိဘူး။ အရည်တွေဘဲ။ ပုံစံခွက်မှာထည့်လိုက်တာနဲ့ အဲဒီ ပုံစံဖြစ်သွားတာ။ နားက ဝင်ဝင်၊ မျက်လုံးကဝင်ဝင်၊ နားကလဲအသံ၊ မျက်လုံးကလည်း အဆင်းတွေဝင် တယ်၊ နှာခေါင်းကလည်း အနံ့တွေပဲ ဝင်တယ်၊ ကိုယ်ကလည်း အထိတွေပဲ။ အဲဒါတွေကို မျက်စိက မြင်တာ ယောကျ်ား၊ မိန်းမတွေဖြစ်။ နားကကြား ရင်လည်း အသံတွေကို ယောကျ်ား၊ မိန်းမပုံစံခွက်ထဲ

ကျကျကုန်တာပဲ။ လျှာကစားရင်လဲ အရသာလို့ မသိဘူး။ ဟာကောင်းလိုက်တာ၊ လျှာက်ရည်ပုံစံ ခွက်ထဲကျလိုက်၊ ဝက်သားပုံစံခွက်ထဲကျလိုက်၊ အရသာပဲရှိတာနော်၊ ဘယ်ကြက်သား၊ ဝက်သားမှ မလာဘူး။ ဒါပေမဲ့ မနောမှာ ပုံစံခွက်ထဲကို တန်းကျ တာပဲ။ အဲဒီပုံစံခွက်အတိုင်း ထွက်လာတာပဲ။ ကျွန်တော်တို့သိလိုက်ရင် ကမ္မဝဋ်ထဲမှာ၊ ပုံစံခွက်က ခွာပြီးသားဖြစ်နေပြီ၊ ပုံရိုက်တာလည်းမတွေ့ရဘူး။ သစ်သားပြားလည်း မတွေ့ရဘူး။ လက်သမားလည်း မတွေ့ရဘူး။ အဲဒါအနုသယ၊ အငုတ်ဓါတ်၊ အကိန်း ဓါတ်၊ ကျွန်တော်တို့တွေ့ရရင် ကမ္မဝဋ်ထဲ ရောက် သွားပြီ၊ ပုံကခွာပြီးသားကို မြင်သွားပြီ။ မနောမှာ ပေါ်သွားပြီ။ ကိလေသာက ဘယ်လောက် သိမ်မွေ့ တုန်း။ နားလည်ဖို့ ခက်ပါတယ်နော်။

## အာရုံကိုအာရုံအတိုင်းသိပါ။

ကျွန်တော်တို့ အခုတဏှာလက်သမားလည်း တွေ့ရော မြတ်စွာဘုရားက မင်းဘာမှ ရိုက်စရာမ လိုတော့ဘူးဆိုတော့ တဏှာကောင် ပုံမရိုက်နိုင်တော့ ဘူး။ ပုံမရိုက်နိုင်တော့ မြင်ရင်မြင်တဲ့အတိုင်း သိသွား တာပဲ။ ပုံစံမပေါ်တော့ဘူး။ မြင်ရင် အာရုံကိုအာရုံ

အတိုင်းပဲသိသွားတာ။ အာရုံက ပုဂ္ဂိုလ်သတ္တဝါ မဟုတ်တော့ဘူး။ အာရုံဆိုတာ စားရင်အရသာ အတိုင်းပဲသိတယ်။ မြင်ရင်ရူပါရုံ၊ ကြားရင်သဒ္ဒါရုံ၊ နံရင် ဂန္ဓာရုံ၊ စားရင်ရသာရုံ၊ ထိရင်ဖောဋ္ဌဗ္ဗါရုံ၊ တွေးရင် ဓမ္မာရုံ၊ ပုံစံခွက်လွတ်သွားပြီ။ ကိလေသဝဋ်ချုပ်သွားပြီ။

ဝိပဿနာရှုတယ်ဆိုတာ အဲဒါပါပဲ။ အဲဒီလို ပုံစံခွက်တွေနဲ့သိနေတာကို နှလုံးသွင်းမှားတယ်လို့ခေါ်တာ၊ မနောမှာ ပုံစံခွက်ထဲကျသွားတာပဲ။ ဒါပေမဲ့ ပုံစံခွက်ထဲကျသွားမှန်းကို မသိလိုက်ဘူး။ ကျွန်တော်တို့သိတဲ့အခါကျတော့ ပုံစံခွက်တွေက မရှိတော့ဘူး။ ကျွန်တော်တို့သိလိုက်ရင် တိုက်တွေ၊ အိမ်တွေ၊ ပုဂ္ဂိုလ်သတ္တဝါတွေ ဖြစ်ကုန်ပြီ။ ကွန်ကရစ် ဘိလပ်မြေတွေက တိုက်ကြီးဖြစ်သွားပြီ။ အဲဒီလို တဖြည်းဖြည်းသဘောပေါက်လာမှာပါ။

## အနုသယသည် ဘုရားရှင်၏အရာ

ထိုအနုသယတဏှာခါတ်ခံကြောင့် အာရုံတို့ကို ပုဂ္ဂိုလ်သတ္တဝါဒြပ်ဝတ္ထုအဖြစ် မနောတွင် နှလုံးသွင်း မှားနေသည်ကို သိနိုင်ခဲမြင်နိုင်ခဲပြီး အလွန်နက်နဲလှသောကြောင့် ဘုရားရှင်သည် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ကြာခဲ့ရလေသည်။ ဓမ္မတာအားဖြင့်

အပေါ်ပိုင်းသည် မြင်လွယ်သော်လည်း အနက်ပိုင်း၊ အငုတ်ပိုင်း၊ အကိန်းပိုင်းသည် နက်နဲသလို သိမြင်ရန်လည်းခက်ခဲလှပါသည်။ သာမန်ပုဂ္ဂိုလ်တို့၏ အရာမဟုတ်ပါ။ ထိုအနုသယ၊ အငုတ်ခါတ်၊ အကိန်းခါတ်၊ တဏှာသဘော (ကိလေသဝဋ္ဋ)ကို ထိုးထွင်း သိမြင်ကာ ဟောကြားညွှန်ပြနိုင်မှုသည် ဘုရားရှင်တို့၏ အရာသာဖြစ်ပါသည်။

မြတ်စွာဘုရားကျေးဇူးကြောင့် ဒါတွေသိခွင့်ရတာ။ ဒါကြောင့် မြတ်စွာဘုရားကျေးဇူးက တအားကြီးတာ။ မြတ်စွာဘုရားက လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်း အပင်ပန်းအဆင်းရဲခံပြီးကျွန်တော်တို့ကို ကျေးဇူးပြုသွားတာ၊ ဒါကြောင့် ထိုင်ထိုင်ကန်တော့ရတာ။ ကျေးဇူးတင်လွန်းလို့ကျွန်တော်တို့က မြတ်စွာဘုရား လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကျွန်တော်တို့အပေါ် မဟာဂရုဏာတော်တွေနဲ့ ဒါကိုရှာဖွေတွေ့ရှိပြီး ဟောကြားသွားတာ။

အရင်တုန်းကတော့ ကုသိုလ်လိုချင်လို့ ကုသိုလ်တွေရရင် ချမ်းသာမှာပဲ။ ဘဝတွေကောင်းစားမယ်၊ အန္တရာယ်ကင်းမယ်၊ အဲဒါကြောင့် ကန်တော့တာ။

အခုတော့မဟုတ်တော့ဘူး။ အဲဒါတွေနဲ့မဆိုင် တော့ဘူး။ ဒီလိုအသိတွေ သိသွားတဲ့အခါကျတော့ ဒါတွေက ဘာမှမဟုတ်ဘူးဆိုတာ သိသွားတယ်။ ဩော် ဒီလိုနက်နဲ ခက်ခဲတဲ့ ပညာရပ်တွေကို သိခွင့်ရတာ ဘုရားရှင်ရဲ့ကျေးဇူးက တအားကြီးမားပါလားဆိုတာ သဘောပေါက်ပြီးကန်တော့တယ်။

## အာရုံကိုသိမကပ်ငြိ လွတ်၏သံသရာ

အဲဒါကို ရန်ကုန်မှာရှိတဲ့ ပခုက္ကူဆရာတော်ဘုရားကြီး အနိစ္စဆရာတော်လို့လည်းခေါ်တယ်၊ ဆရာတော်ကြီးက ဓမ္မာနုပဿနာသင်ပေးတယ်၊ ဆရာတော်ကြီးက ဘယ်လိုကဗျာစပ်လဲဆိုတော့ 'အာရုံကိုသိမကပ်ငြိလွတ်၏သံသရာ' တဲ့၊ အာရုံကို သိသွားလို့ရှိရင် ပုဂ္ဂိုလ်သတ္တဝါလို့ မကပ်ငြိတော့ဘူး။ အာရုံက ဒုက္ခသစ္စာ၊ မကပ်ငြိတာက သမုဒယသစ္စာ၊ လွတ်၏သံသရာက နိရောဓသစ္စာ၊ မကပ်ငြိတာက သမုဒယပယ်ပြီးသား ဖြစ်သွားပြီ။ တစ်ကြောင်းတည်းနဲ့ သစ္စာဝင်သွားတာ ဓမ္မာ နုပဿနာပဲ၊ ဓမ္မနုပဿနာက ဉာဏ်ရှိရင် လွယ်တယ်။

## စေတနာဟံ ဘိက္ခဝေ ကမ္မာဝဒါမိ

အခုကျွန်တော်စကားတွေပြောနေတယ်။ ဝစီကံ

တွေဖြစ်နေတယ်။ စေတနာဟံ ဘိက္ခဝေကမ္မာ ဝဒါမိ၊ ကံဆိုတာ ဘာပဲကောက်လဲ၊ စေတနာ၊ မြန်မာတွေ ဒါတော့ကောင်းကောင်းသိတယ်။ အခု ဝစီကံတွေဟာ စေတနာကတိုက်တွန်းလို့ ဝစီကံတွေ ဖြစ်နေတာ။ စေတနာကမတိုက်တွန်းရင် ဝစီကံ မဖြစ်ဘူး။ အဲဒီစေတနာကလဲ ဒီပရိတ်သတ်ရှိလို့ သူတို့ကကျေးဇူးပြုနေလို့ ကျွန်တော်က ပြောရတာ။ တစ်ယောက်မှမရှိပါလား၊ ပြောမယ့် စေတနာပေါ် သေးလား။ မပေါ်တော့ဘူး။ အဲဒီ စေတနာကလည်း ကျွန်တော့်ထဲ ရှိနေတာမဟုတ်ဘူး။ ဒီဘက်ကကျေး ဇူးပြုလိုက်လို့၊ သူတို့ကကျေးဇူး ပြုလိုက်တဲ့အတွက် ကျွန်တော့်မှာ ပြောချင်တဲ့ စေတနာကပေါ်လာတာ။ စေတနာကလည်း ကျွန်တော့်ဟာ မဟုတ်ဘူးဆိုတာ ပြောပြတာ။ အာရုံက ကျေးဇူးပြုလို့ပေါ်လာတာ။ အဲဒီစေတနာကတိုက်တွန်းလို့ ဝစီကံတွေဖြစ်တာ။ စေတနာကကံဖြစ်တယ်။ ဝစီကံက စေတနာမဟုတ် ဘူး။ ဝစီကံဖြစ်အောင် တိုက်တွန်းတာကစေတနာ။ ဝစီကံကရုပ်၊ အသံကရုပ်၊ ပါးစပ်တွေ လည်ချောင်း တွေလှုပ်နေတာက ရုပ်၊ ဝါယောရုပ်က စေတနာ မဟုတ်ဘူး။ လည်ပင်းတွေ ပါးစပ်တွေလှုပ်တာကရုပ်၊

အသံတွေကရုပ်၊ ဝစီကံ ရုပ်ဖြစ်အောင် တိုက်တွန်း တာက စေတနာ၊ စေတနာကနာမ်၊ အသံတွေ ပါးစပ်တွေလှုပ်တာကရုပ်၊ အခုတရားတွေပြောနေတာလား၊ နာမ်ရုပ်တွေ ပေါ်နေတာလား။ နာမ်၊ရုပ်တွေပေါ်နေတာ။ ပုဂ္ဂိုလ်၊ သတ္တဝါကိုလေသာလွတ်သွားတယ်။

**စေတနာက ကံအမှုကိုပြီးစီးတယ်။**

သီလရှင်တွေ ဒါနဆန်ပါရှင်ဆိုတဲ့ အသံလေးကြားလိုက်တော့ စိတ်ထဲမှာလောင်းချင်တဲ့ စေတနာပေါ်သွားပြီး သူကတိုက်တွန်းလို့ ဆန်ခွက်ယူပြီးသွားလောင်းတာ။ သွားယူတာတို့ သွားလောင်းတာတို့က ရုပ်တွေပေါ့။ အဲဒီရုပ်တွေဖြစ်အောင်ကံတွေမြောက်အောင် ဒီစေတနာက ကံကိုမြောက်စေတယ်။ ကံမြောက်အောင်စေတနာက တိုက်တွန်းတယ်။ စေတနာကတိုက်တွန်းတော့ လောင်းလိုက်တော့ ကံမြောက်သွားတယ်။ စေတနာကတိုက်တွန်းလို့ကံတွေမြောက်နေပါလား၊ အဲဒီစေတနာကို ပုဂ္ဂိုလ်သတ္တဝါငါလောင်းတာ၊ ငါလှူတာဆိုတော့၊ ပုဂ္ဂိုလ်သတ္တဝါအယူနဲ့ဆိုတော့ ကံတွေဖြစ်သွားပြီ။ အဘိသင်္ခါရတွေဖြစ်သွားပြီ။ ငါလို ဘယ်သူလောင်းနိုင်လဲ။ ဘယ်သူလှူနိုင်လဲဖြစ်ကုန်ရော။

စေတနာကလဲ ဒါနဆန်ပါလို့ အသံ မကြားခင် ကလဲမရှိဘူး။ လောင်းပြီးတော့လဲ အဲဒီစေတနာ မရှိတော့ဘူး။ စေတနာဖြစ်ပျက်ဆိုတာ ဒါပါပဲ။ အဲဒီလိုသိသွားတော့ စေတနာကိုလဲ အခိုင်အမာ ယူသေးလား။ အမြဲရှိတယ်လို့ ယူသေးလား။ အနှစ်သာရ ရှိတယ်လို့ ယူသေးလား။ အသိနဲ့ဒိဋ္ဌိပြုတ်ပြီ။ ငါ့စေတနာဆိုတော့ စေတနာကို အမြဲရှိတယ်လို့ယူပြန်ပြီ။ စေတနာက အခိုင်အမာ အနှစ်သာရရှိ နေတယ်၊ အမြဲရှိတယ်လို့ယူတာက နိစ္စ၊ အခိုင်အမာ အနှစ်သာရရှိတယ်လို့ ယူတာက အတ္တ၊ ဘယ်ဒိဋ္ဌိပြုတ်မလဲ။ ပြုတ်တာလဲမသိဘူး မပြုတ်တာလဲမသိဘူး။ ဘယ်သိမလဲ ကိလေသဝဋ်ဆိုတဲ့ သဘောကို နားမလည်ဘူး။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ရဲ့သဘောကို နားမလည်ဘူး။ အနုသယဆိုတဲ့ သဘောကို နားမလည်ဘူး။ နားမလည်တော့ဘယ်လို ပယ်ရမှန်းလဲမသိတော့ဘူး။

## နေဝင်တာ နေထွက်တာမရှိ။

နေဟာအရှေ့ကထွက်တယ် အနောက်မှာဝင်တယ်။ ကမ္ဘာပေါ်မှာမွေးလာတာ ဒီလိုပဲသိတယ်။ ဒါပေမဲ့ ကမ္ဘာကနေအာကာသအပြင်ကိုထွက်ကြည့်၊

ကမ္ဘာအပြင်ဘက်လဲရောက်သွားရော နေဟာဝင်တာလည်းမရှိဘူး၊ ထွက်တာလဲမရှိဘူး။ နေကြီးက ရပ်နေတာ၊ ကမ္ဘာကြီးကသာလည်ပြီးပတ်နေတာ။ ကမ္ဘာပေါ်ပြန်လာရင်တော့ အရှေ့က နေထွက်တယ်၊ အနောက်မှာနေဝင်တယ်လို့ မျက်မြင်ပြောရတာပဲ။ အမှန်သိတဲ့လူက နေဟာဝင်တာလဲမရှိဘူး ထွက်တာလည်းမရှိဘူး။ အဲဒီအတိုင်းတော့ လိုက်ကျင့်သုံးလို့တော့မရဘူး။ ဆရာ နေအရှေ့ကထွက်တယ်၊ အေးထွက်တယ်။ အနောက်မှာဝင်တယ် အေးဝင်တယ်။ လောကမျက်မြင် အတိုင်းပဲပြောရတာပဲ။ ဒါပေမယ့် နေဝင်တာထွက်တာကို တကယ်ရှိ တယ်လို့မယူတော့ဘူး။ လောကအပြောတော့ မင်းနဲ့ငါနဲ့တော့ပြောရမှာပဲ။ ဒကာကြီးလာအုံး၊ ဒကာမကြီးလာအုံး ဒီမှာထိုင်ပါအုံး။ ဒါပြောတာပဲ၊ ဒါပေမယ့် ကိလေသဝဋ်ကို ပယ်ပြီးသွားပြီ၊ ပုဂ္ဂိုလ်သတ္တဝါအယူမယူတော့ဘူး။ ပြောရုံပဲပြောတာ အစွဲအလမ်းကြီးမရှိတော့ဘူး။ နေအရှေ့ကထွက်တယ်၊ အနောက်မှာဝင်တယ်ဆိုတာ ပြောရုံပဲပြောတယ်။ နေဟာဝင်တာလဲမရှိဘူး၊ ထွက်တာလဲမရှိဘူး။ လောကမှာ မျက်မြင်တော့သုံးရမှာပဲ။ လောကသဘော ‘သုံးရုံသာသုံး

မစွဲနဲ့’ဆိုတာ အပြောလွယ်သလောက် ဒီအသိတစ်ခု ရဖို့ တအားခက်ပါတယ်။

## သတ္တဝါအသိကိုသာပယ်ပါ။

ပုဂ္ဂိုလ်သတ္တဝါအသိကိုပယ်တာနဲ့ နိရောဓဆိုက်ပါပြီ။ သမုဒယကိုပယ်ရင် ဘယ်ကိုဆိုက်လဲ နိရောဓ၊ သမုဒယကိုပယ်တာ မဂ္ဂ၊ မဂ္ဂနဲ့ နှလုံးသွင်းလို့ သမုဒယကိုပယ်ရင် ဘယ်ကိုဆိုက်လဲ နိရောဓ၊ အဲဒါ ဝိပဿနာ အလုပ်ပဲ။ အပိုနှလုံးသွင်းစရာဘာမှ မရှိတော့ဘူး။ နိရောဓနဲ့ကြာကြာနေ၊ ပွါးရမယ်။ ဝိပဿနာအားထုတ်ရင် ပွါးများတယ်ဆိုတာ အဲဒီနေရာကိုပြောတာ။ ဝိပဿနာဆိုတာ ပုဂ္ဂိုလ်သတ္တဝါ အသိပယ်ပြီး နိရောဓဆိုက်ပြီး ပွါးမှမုန်းမှာပေ့ါ။ ဆုံးမှာပေ့ါ၊ အခုဟာဘယ်မုန်းမလဲ၊ သတ္တဝါအသိမှ မပယ်ဘဲ၊ ကိလေသာမှ မချုပ်ဘဲ၊ ကိလေသာမချုပ်ရင် ဘယ်တော့မှမမုန်းဘူး၊ အခုလူတွေ ဘာလို့မမုန်းလဲ သိလား၊ ကိလေသာမှ မပယ်နိုင်တာ၊ ကိလေသာ မချုပ်လို့ သူမမုန်းတာ။ တချိန်မှာတော့ ဒီနေရာ ရောက်ကြမှာပါပဲ၊ ကိုယ်က မမျှော်နဲ့၊ အကျိုးတရား မမျှော်နဲ့၊ အကြောင်းတရား ပြည့်စုံရင် အကျိုးတရား ကပေါ်မှာဘဲ။ မျှော်ရင် ကိလေသာပါနေပြီ၊ ကိလေ

သာပါနေမှတော့ ဘယ်မုန်းတော့မှာလဲ။ ကိလေသာ ပယ်တဲ့ အလုပ်ကိုမသိဘူး။ သတ္တဝါလို့သိတာကိုက ကိလေသာဖြစ်နေတာ။ သတ္တဝါအသိကို ပယ်တာနဲ့ နိဗ္ဗာန်ဆိုက်ပြီ။ သတ္တဝါလို့သိတာက သမုဒယ၊ နာမ်ရုပ်လို့ဆုံးဖြတ်ချက်ချလိုက်တာနဲ့ သမုဒယကို ပယ်သွားပြီ။ နာမ်ရုပ်လို့ အမှန်သိမြင်လိုက်တာနဲ့ ဥပါဒါန်ချုပ်သွားပြီ။ ကံလည်းချုပ်သွားပြီ၊ ကံဆိုတဲ့ အကြောင်းချုပ်တာနဲ့ နောက်ဘဝနောက်ခန္ဓာချုပ်ပြီ၊ နိဗ္ဗာန်ဆိုက်ပြီ။ နိဗ္ဗာန်ဆိုက်တာနဲ့ အဲဒီထက် အပိုဘာမှ မရှိတော့ဘူး၊ အဲဒီကျမှ (the end) အဆုံးဖြစ်တာ။ နိဗ္ဗာန်သစ္စာ နိဗ္ဗာန်မျက်မှောက်ပြုမှ (the end)အစစ်ကို သစ္စာဆိုက်မှ တကယ်သိတာ။ သစ္စာလေးပါးမြင်မှ အမှန်တရားသိသွားတာပါ။

**အကြောင်းကျေးဇူးပြုလို့ အကျိုးဖြစ်တာ**

ဝိပဿနာဆိုတာ သတ္တဝါမရှိဘူးဆိုတဲ့အသိ၊ ကိလေသဝဋ်ကို ပယ်ဖို့သာ လိုရင်းဖြစ်တယ်။ သတ္တဝါ မရှိဘူးဆိုတဲ့ အသိ သိလိုက်တာနဲ့ နိဗ္ဗာန်ဆိုက်သွား ပါတယ်။ ဝိပဿနာဆိုတာ အပြင်မဟုတ်ဘူး။ အတွင်း မနောဒွါရနဲ့ ဓမ္မာရုံမှာ ဆင်ခြင်ပြီး ရှုတာကိုသိရမယ်။ သတိကိုသိရမယ်။ ဥပါဒါန်ကိုသိရမယ်။ အတ္တ အနတ္တ

ကို သိရမယ်။ ပရမတ် အကြောင်းအကျိုးကို သိရမယ်။ ကျွန်တော်ရပ်တော့မယ် ဘယ်သူက ကျေးဇူးပြုနေလဲ။ နာရီကကျေးဇူးပြုနေပြီ။ ကျွန်တော့်စေတနာ၊ ကျွန်တော်ရပ်ချင်လို့မဟုတ်ဘူး။ အကြောင်းတရားက ကျေးဇူးပြုလို့ ဒီစေတနာချုပ်တော့မယ်။ ဘယ်အရာမှ အကြောင်းမဲ့ဖြစ်နေတာမဟုတ်ဘူး။ အားလုံးက အကြောင်းတရားနဲ့ အကျိုးတရားပဲရှိတယ်။ အကြောင်းတရားကကျေးဇူးပြုလို့ အကျိုးတရား တွေဟာ သူ့သဘောသူဆောင် ပေါ်နေတယ်။ အဲဒါ ငါမဟုတ်ဘူးဆိုတာ မြင်သွားပါလိမ့်မယ်။ ပုဂ္ဂိုလ် သတ္တဝါလွတ်တဲ့ အမြင်တစ်ခုကို ရသွားပါလိမ့်မယ်။

ဒေါက်တာစိုးလွင် (မန္တလေး)